NAMATI
INNOVATIONS IN LEGAL EMPOWERMENT

# ၂၀၁၅ ခုနှစ်နောက်ပိုင်း  သိမ်းဆည်းခံမြေယာကိစ္စများ ဖြေရှင်းပေးနိုင်မှုပမာဏ ကျဆင်းခဲ့ရသည့် အကြောင်းရင်းများ

## စက်တင်ဘာလ ၂၀၁၉

## ၁။ အနှစ်ချုပ်ရှင်းလင်းချက်

နိုင်ငံတော်အစိုးရသည် ၂၀၁၂ ခုနှစ် က တည်းကပင် မတူညီသည့်အစိုးရနှစ်ဆက်တိုင်တိုင် အောက်တွင် မြေသိမ်းဆည်းမှုများအားဖြေရှင်းနိုင်ရေးအတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ Namati ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူလက်တွဲဆောင်ရွက်နေသည့် ရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြု သူများသည် မြေသိမ်းဆည်းမှုများနှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ်မှ ယနေ့အချိန်အထိ ဖြေရှင်းနိုင်ရန်အကူအညီ ပေးလျက်ရှိသည်။ ဥပဒေအထောက်အကူပြုသူများသည် မိမိတို့ ကူညီဆောင်ရွက်ပေးနေသည့် အမှုတွဲ အားလုံး၏ အချက်အလက်များကို ကောက်ယူခဲ့ကြသည်။ Namati ကမူ အဆိုပါ အချက်အလက်များအား စုဆောင်း၊ လက်ခံ ထိန်းသိမ်းပြီး လေ့လာသုံးသပ်ခဲ့သည်။ အဆိုပါ အချက်အလက်များက ဖော်ပြနေသည်မှာ မြေသိမ်းအမှုတွဲများ အပေါ် ဖြေရှင်းဆောင်ရွက်နိုင်မှုပမာဏသည် ၂၀၁၅ ခုနှစ်၊ တတိယသုံးလပတ်အတွင်းက အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီးနောက် တဖြည်းဖြည်းကျဆင်းလာသည့်အချက်ဖြစ်သည်။ မြေသိမ်းမှုဖြေရှင်းရေး ယန္တရားတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် ထိပ်တန်းအရာရှိများကလည်းကောင်း

၊ နိုင်ငံတော်အကြီးအကဲ များက လည်းကောင်း ဤကဲ့သို့ ကျဆင်းလာမှုကို အလေးအနက် အသိအမှတ်ပြုခဲ့ကြသည်။ [1]

ယခု မူဝါဒရှင်းလင်းချက်စာတမ်းတွင် ဖော်ပြပါမေးခွန်းသုံးခုကို ရှင်းလင်းထားသည် -

၁ လွန်ခဲ့သည့် ခြောက်နှစ်အတွင်း ဖြေရှင်းပေးနိုင်ခဲ့သည့် မြေသိမ်းအမှုတွဲပမာဏ မည်မျှရှိသနည်း ။

၂ ဖြေရှင်းပေးနိုင်သည့် မြေသိမ်းအမှုတွဲပမာဏ အဘယ့်ကြောင့် ကျဆင်းလာသနည်း ။

၃ ကျဆင်းနေသည့် မြေသိမ်းမှုဖြေရှင်းရေးအခြေအနေမှ ဖြေရှင်းမှုနှုန်းတု ။ ိုးတက်လာစေရေးအတွက် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများက မည်သို့လုပ်ဆောင်နိုင်မည်နည်း

ယခုမူဝါဒရှင်းလင်းချက်စာတမ်းတွင် အမှုတွဲအချက်အလက်များ၊ ရပ်ရွာအခြေပြု ဥပဒေအထောက် အကူပြုသူ များ၏ အမှုတွဲလုပ်ငန်းအတွေ့အကြုံများ၊ နိုင်ငံတော်အစိုးရမှတရားဝင်ထုတ်ပြန်သည့်သတင်းများ၊ မြေသိ မ်းမှုများဖြေရှင်းရေး လုပ်ငန်းအစီအစဉ်တွင် ပါဝင်ဆောင်ရွက်နေကြသည့် အရပ်ဖက်အဖွဲ့အစည်း ကိုယ် စားလှယ်များ၏ အတွေ့အကြုံများကိုအသုံးပြု၍ အ ထက်ဖော်ပြပါမေးခွန်းများကို စူးစမ်းလေ့လာသွားမည်ဖြစ် သည်။

အဓိကတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ မြေသိမ်းမှုအမှုတွဲများတွင် ဖြေရှင်းပေးနိုင်ခဲ့သည့် အမှုတွဲပမာဏ သိသိသာသာကျဆင်းခဲ့သည်။ စာရင်းဇယားများအရ ၂၀ ၁၅ ခုနှစ်တွင် အမြင့်ဆုံးဖြေရှင်းပေးနိုင်သည့် ပမာဏ ၁၉% အထိ ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ် တွင်မှ ၅% အထိ ကျဆင်းသွားခဲ့သည်၊ (၂၀၁၉ ခုနှစ် အတွက်ကိုမူ ၄% မှ ၅% ရှိနိုင်ကြောင်း ခန့်မှန်းထားသည်)။

ထိုသို့ ကျဆင်းသွားစေသည့် အဓိကအကြောင်းရင်းများမှာ -

၁။ မြေသိမ်းမှုဖြေရှင်းရေး ယန္တရားသည် တောင်သူလယ်သမားများ၏ နစ်နာမှုအခြေအနေများကို ဖြေရှင်းပေးမည့် စနစ်အစား ဩဇာအာဏာရှိသည့် မြေသိမ်းသူများအတွက် အကျိုးဖြစ်စေမည့် အချက်များရှိနေခြင်း

၂။ လက်ရှိဖြေရှင်းရေးယန္တရားတွင် မြေစစ်ကော်မတီ၏ ဆုံးဖြတ်ချက်များကို အာဏာသက်ဝင်စေမည့် ဥပဒေ ဆိုင်ရာ လုပ်ပိုင်ခွင့်များမရှိခြင်း

---

[1] President U Win Myint Speech at The Coordination Meeting of the Central Committee for Confiscated Farmlands and Other Lands, 26 June 2018, Naypyidaw

၃။ မြေသိမ်းယူသူအများစုအနေဖြင့် သိမ်းဆည်းမြေများ ပြန်လည်စွန့်လွှတ်ပေးရန် ဆန္ဒမရှိကြောင်း ပြသခဲ့ပြီး ဖြေရှင်းရေးစနစ်ပါ အကောင်းဆုံးသောရည်ရွယ်ချက်များ မဖြစ်မြောက်စေရန် ယင်းတို့၏ အခွင့်အာဏာကို အသုံးပြုနိုင်စွမ်းရှိနေဆဲဖြစ်ခြင်း

၄။ ပြန်လည်စိစစ်ရေးလုပ်ငန်းစဉ်ကို ထုတ်ပြန်ထားသည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်မှုမရှိခြင်း

၅။ လယ်သမားများအနေဖြင့် အ မှုဖြစ်စဉ်၊ အမှုတွဲများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ရယူရေးတွင် အကန့်အသတ်များစွာရှိနေခြင်း

၆။ ပြန်လည်စိစစ်ရေးကော်မတီကိုယ်တိုင်အနေဖြင့် ၎င်းတို့ ကိုယ်တိုင်ရှိထားသင့်သည့် အရေး ကြီး စာရွက်စာတမ်းများအား ရယူနိုင်မှုမရှိခြင်း

၇။ လျော်ကြေးပေးအပ်မှုလုပ်ငန်းစဉ်အား ညွှန်ကြားထားသည့် မူဝါဒများနှင့်အညီ လုပ်ဆောင်မှု အားနည်းခြင်း။

၂၀၂၀ ခုနှစ် ပြည့်နှစ်တွင် ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲ တဖြည်းဖြည်းနီးကပ် လာသ ည့်အတွက် ဖြေရှင်းမှုပမာဏမည်မျှဖြစ်လာနိုင်မည်ကို သဲသဲကွဲကွဲ မပြောနိုင်သေးပေ။ တစ်ဖက်က ကြည့်လျှင် ပြည်သူများအတွက် အစွမ်းကုန်လုပ်ဆောင်ပေးလိုသည့် ယင်းတို့၏ဆန္ဒထက်သန်မှုကို ဖော်ပြသည့် အနေဖြင့် အစိုးရသည် မြေယာအမှုတွဲများဖြေရှင်းနိုင်ရန် တွန်းအားပေးလုပ်ဆောင်မှုကြောင့် ပမာဏမြင့်တက် လာနိုင်သည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးပါတီဦးဆောင်သည့် အစိုးရ လက်ထက် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ထိုသို့ဖြစ်ခဲ့ဖူးသည်။ အ မျိုးသားဒီမိုကရေစီ အ ဖွဲ့ချုပ်ပါတီ ဦးဆောင်သည့် အစိုးရအ နေဖြင့်လည်း သိမ်းဆည်းမြေများနှင့်ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းရာတွင် အကောင်းဆုံးဖြစ်စေရန် ဥပဒေ များ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးဆွဲဆောင်ရွက်ခဲ့ကိုလည်း တွေ့ရှိရ သည်။ သို့သော် အခြား တ စ်ဖက်တွင်မူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဦးဆောင်သည့် အစိုးရအနေဖြင့် အ ဆိုပါပြသနာများ ဖြေရှင်းမှုလုပ်ငန်းစဉ်များ တိုးတက်ကောင်း မွန်စေရန်လုပ်ဆောင်ရာတွင် မမျှော်လင့်ထားသည့်အတားအဆီး အနှောက်အယှက်နှင့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနေရသလို ရှေ့ဆက်မည့်ကျန်ရှိကာလတွင်လည်း ပိုမိုကြီးမားသည့် စိန်ခေါ်မှုအခက်အခဲများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။

## ၂။ မြေသိမ်းအမှုတွဲများ ဖြေရှင်းရာတွင် ၂၀၁၂ ခုနှစ် နောက်ပိုင်း အသုံးပြုလျက်ရှိသည့် စနစ်များအပေါ် အနှစ်ချုပ် ခြုံငုံသုံးသပ်ချက်

၂၀၁၂ ခုနှစ်မှစ၍ မြန်မာအစိုးရသည် နိုင်ငံအပေါ် ဆယ်စုနှစ်များစွာဖိစီးလျက်ရှိသည့် မြေသိမ်းဆည်းမှု ပြဿနာများကို ၊ ကိုင်တွယ်ဖြေရှင်းခဲ့သည်။ ယခင် အစိုးရလက်ထက်တွင် အဆိုပါပြဿနာကို မြေယာ ဆိုင်ရာအမှုတွဲများ စိစစ်ရေးအတွက် လွှတ်တော်ဆိုင်ရာ သိမ်းဆည်းမြေများ စုံစမ်းစစ်ဆေးရေးကော်မရှင် (PLIC)[2] နှင့် ထိုကော်မရှင်၏ ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ရန် မြေအသုံးချမှု စီမံခ န့်ခွဲရေးဗဟိုကော်မတီ[3] ဟူသည့် အဖွဲ့အစည်းနှစ်ခုဖြင့် ကိုင်တွယ်ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် လက်ရှိအစိုးရက အဆိုပါလုပ်ငန်းစနစ်၌ လ ယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစ စ်ရေးဗဟိုကော်မတီ (ပြန်လည်စိစစ်ရေး ကော်မတီ သို့မ ဟုတ် လယ်ပြန်စစ် အဖြစ် အသိများသည်) ဖြင့် အစားထိုးခဲ့သည်။ ဤလုပ်ငန်းစနစ်သစ်တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရတာဝန်ရှိသူများ၊ အ ရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စသ ည့် သက်ဆိုင်သူအများအပြား ပါဝင်လာသည်။ ယန္တယား (သို့မဟုတ်) လုပ်ငန်းစဉ်သစ်၏ ရည်မှန်းချက်မှာ မြေသိမ်းအမှုများဖြေရှင်းသည့်အရှိန် မြှင့်တင်ရန်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မြေသိမ်းအမှုများ ပြေလည်အောင်ဖြေရှင်းရေးသည် အစိုးရ အသစ်၏ အဓိကဦးစားပေးလုပ်ငန်းများအနက်မှတစ်ခုဖြစ်ပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ စည်းရုံးရေးကာလအတွင်း ကျယ်ကျယ်ပြန့်ပြန့် ကတိပေးခဲ့သည့် ကိစ္စတစ်ခုလ ည်းဖြစ်သည်။ အစိုးရသစ်သည် မြေသိမ်းအမှုအားလုံးကို ခြောက်လအတွင်းဖြေရှင်းပေးရန် ရည်မှန်းခဲ့သော်လည်း လက်တွေ့မြေပြင်ဖြေရှင်း ဆောင်ရွက်မှုများ အားနည်းခဲ့ပါသည်။ မြေသိမ်းမှုများဖြေရှင်းရေး ယန္တရားသစ်ကို ၂၀၁၇ ခုနှစ်တွင် ပြန်လည်သုံးသပ်ခဲ့ပြီး ၂၀ ၁၈ ခုနှစ် တွင် အပြောင်းအလဲအချို့ အနည်းငယ် ပြုလုပ်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဗဟိုအဆင့် ပြန်လည်စိစစ်ရေးကော်မတီများကို ဖွဲ့စည်းခဲ့ပြီး ကျန်ရှိသည့် တိုင်း၊ ပြည်နယ်အဆင့်မှ ရပ်/ ကျေးအဆင့်အထိ ပြည်လည်ဖွဲ့စည်းမှုများလုပ်ဆောင်နိုင်ရန် ၂၀၁၉ ခုနှစ် ၊ ဧပြီလ ၂၆ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်ကာ ပြန်လည် ဖွဲ့စည်းခဲ့သည်။

## အဆင့်အသီးသီးရှိ စိစစ်ရေးကော်မတီများ၏ အထွေထွေအခန်းကဏ္ဍများ

[2] ထိုကော်မတီကို ပြည်ထောင်စုလွှတ်တော် သိမ်းဆည်းမြေများ စုံစမ်းစစ်ဆေးရေးကော်မရှင်ဟုလည်း ခေါ်ဆိုသည်။ ယခုစာတမ်းတွင် PLIC သို့မဟုတ် လွှတ်တော်ဆိုင်ရာ မြေယာစိစစ်ရေးကော်မတီဟု သုံးစွဲပါမည်။

[3] ဤကော်မတီကို ဒုတိယသမ္မတ(၁)လည်းဖြစ်၊ ယခင်ဗိုလ်ချုပ်ကြီးဟောင်းလည်းဖြစ်သည့် ဦးညာဏ်ထွန်း၏ ဦးဆောင်မှုဖြင့် ၂၀၁၃ တွင် ဖွဲ့စည်းခဲ့သည်။ အစိုးရသစ် အာဏာရလာပြီးနောက် LUMC နှင့် PLIC တို့ကို ၂၀၁၆ ခုနှစ်တွင် ဖျက်သိမ်းခဲ့သည်။ ယင်းတို့နေရာတွင် ကော်မတီအသစ်ဖြင့် အစားထိုးခဲ့သည်။

| အဆင့် | အဖွဲ့ဝင်များ | စာရွက်ပေါ်တွင် ပေးအပ်ထားသည့် ပင်မ တာဝန်များ |
|---|---|---|
| ဗဟိုအဆင့် | ဥက္ကဋ္ဌ(ဒု-သမ္မတ-၂)၊ ဝန်ကြီးများ၊ ညွှန်ချုပ်များ၊ **တပ်မတော် အဆင့်မြင့်အရာရှိကြီးများ၊** ဝန်ကြီးချုပ်များ | အောက်ခြေ ကော်မတီများကို လမ်းညွှန်ခြင်းနှင့် စောင့်ကြည့်ခြင်း၊ လုပ်ငန်းစဉ်အပေါ် ပြန်လည်သုံးသပ်ခြင်း |
| ပြည်နယ်/ တိုင်းဒေသကြီး အဆင့် | ဝန်ကြီးချုပ်များ၊ ဌာနဆိုင်ရာအရာရှိများ၊ **တပ်မတော် အရာရှိ ကိုယ်စားလှယ်၊ လွှတ်တော်ကိုယ်စားလှယ် များနှင့် အရပ်ဖက်အဖွဲ့အစည်း ကိုယ်စားလှယ်များ** | ကော်မတီ၏လုပ်ငန်းများဆောင်ရွက်နိုင်ရန်လိုအပ်သည့်ဘတ်ဂျက်လျာထားခြင်း၊ အကြံပြုချက်ပေးခြင်း၊ စိစစ်ခြင်း |
| ခရိုင်အဆင့် | ခရိုင်အုပ်ချုပ်ရေးမှူး၊ အစိုးရဌာနများ မှ ခရိုင်အဆင့် အရာရှိများ၊ **တိုင်း / ပြည်နယ် လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဖက် ကိုယ်စားလှယ်များ** | အကြံပြုခြင်း၊ မြေပြန်လည်ပေးအပ်ရာတွင် သက် ဆိုင်သူများလက်ဂယ်အမြန်ရောက်ရှိစေရေးအတွက် ညှိနှိုင်းခြင်း/ဆက်သွယ် ပြန်ကြားခြင်း၊ စုံစမ်းစစ်ဆေးခြင်း |
| မြို့နယ်အဆင့် | မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် အရာရှိများ၊ **လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဖက် ကိုယ်စားလှယ်များ** | စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်း၊ သတင်းစုဆောင်းခြင်း၊ ဆက်သွယ်ခြင်း/ဆက်သွယ်ပြန်ကြားခြင်း၊ စုံစမ်းစစ်ဆေးမှုများမှ ရရှိလာသည့် တွေ့ရှိချက်များကို အကြံပြုချက်များပေးခြင်း |
| ရပ်ကျေးအဆင့် | ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြေတိုင်းစာရေး၊ အုပ်ချုပ်ရေးမှူးစာရေး ၊ လွှတ်တော်ကိုယ်စားလှယ်၊ သစ်တောဦးစီးဌာန တာဝန်ခံ၊ သမဂါယမအသင်းကိုယ်စားလှယ်၊ **တောင်သူ လယ်သမား ကိုယ်စားလှယ်များ** | မြေပြင်စိစစ်မှုပြုလုပ်ခြင်း၊ အထက်ကော်မတီများ အတွက် သတင်းစုဆောင်းခြင်း၊ ထိခိုက်ခံရသည့် လယ် သမားများနှင့် တိုက်ရိုက်ဆက်သွယ်ခြင်း၊ စစ်ဆေးတွေ့ရှိချက်များကို ထောက်ခံတင်ပြခြင်း ၊ အထက်အဆင့်ကော်မတီများ၏ မြေပြင်စိစစ်မှုများအားကူညီပေးခြင်း |

ဗဟိုကော်မတီတွင်ပါဝင်သည့် အဖွဲ့ဝင်များသည် ကော်မတီ၏ တာဝန်များအရသာမက ၎င်းတို့၏ မူရင်းရာထူးတာဝန်များအရပါ လုပ်ပိုင်ခွင့်အရှိဆုံးဖြစ်ပြီး အထူးသဖြင့် အမှုနှင့်ပတ်သက်၍ ဖြစ်သင့်ဖြစ်ထိုက်သည့် ဆုံးဖြတ်ချက်များနှင့် အောက်ခြေ အဆ င့်ဆင့်ကို ကြီးကြပ်ညွှန်ကြားချက်များ ချမှတ်ပေးနိုင်ရန်ဩသည်။
ဒုတိယအနေဖြင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်၏ အခန်းကဏ္ဍသည် နစ်နာမှုများကုစားပေးရာတွင်

အရေးကြီးသည့်
အခန်းကဏ္ဍတွင် ရှိသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ကော်မတီများသ
ည် အောက်ခြေအဆင့်ဆင့်ကော်မတီများ၏ စစ်ဆေးချက်ရ လာဒ်များအရ
မူဂါဒဆိုင်ရာအဆုံးအဖြတ်ခံယူရန် ပေါ်ပေါက်လာပါက ဗဟိုကော်မတီသို့ ကြန့်ကြာမှု
မရှိစေ ရ န် တ င်ပြပြီး ဆောင်ရွက်နိုင်စွမ်းရှိသည်။ လိုအပ်သည့် မြေသိမ်းမှုများကို
နယ်မြေကွင်းဆင်းစစ်ဆေးရန် ခရိုင်နှင့်မြို့နယ် ကော်မတီဝင်များပါဝင်သော အထူးအဖွဲ့ကို
ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိသည်။

*"ကျုပ်တို့လယ်သမားတွေဆိုတာ ဩဇာရှိတဲ့အာဏာပိုင်တွေနဲ့ ပုဂ္ဂိုလ်ရေးအဆက်အသွယ်တွေ ကောင်းကောင်း ရှိကြတာမဟုတ်ဘူး။ ကျုပ်တို့အားလုံးလုပ်နိုင်တာက အာဏာပိုင်တွေဆီကို ဖြစ်နိုင်သမျှရနိုင်သမျှ နည်းလမ်း တွေနဲ့ တင်ပြစာတွေ၊ တိုင်ကြားစာတွေ ထပ်တလဲလဲ တင်ပြတာပဲ။ ဒါပေမဲ့ ကျုပ်တို့ကြိုးစားသမျှ အတွက်တော့ တရားမျှတတဲ့ ဖြေရှင်းချက် မရသေးပါဘူး။'*


*မြေသိမ်းခံလယ်သမားတစ်ဦး*

## ၃။ ဖြေရှင်းမှု အရှိန်ကျဆင်းသွားခြင်း

၂၀၁၃ ခုနှစ်မှစ၍ ယနေ့အချိန်ထိ ပြည်နယ်နှင့် တိုင်းဒေသကြီး(၆)ခုတွင် ဖွင့်လှစ်ခဲ့သည့် Namati ၏ အမှုတွဲ(၆၅၂)မှု အပေါ်တွင် အခြေခံထားသည့် စုစုပေါင်းဖြေရှင်းမှုနှုန်းမှာ ၂၂% (၁၄၅ မှု) သာ ရှိခဲ့သည်။ ၂၀၁၅ ခုနှစ်အကုန်၊ ယ ခင်အစိုးရလက်ထက်မှစ၍ ဖြေရှင်းပေးနိုင်သည့်နှုန်းထား စတင်ကျဆင်းလာခဲ့သည်ကို အ ချက်အလက်များက ဖော်ပြနေပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သည့် အ စိုးရ မှ ဖြေရှင်းရေးစနစ် ပိုမိုတိုးတက်စေရန် ကြိုးပမ်းခဲ့သော်လည်း အဆိုပါအခြေအနေမှာ ဆက်လက်ကျဆင်းလျက် ရှိ သ ည်ကို တွေ့ရှိရသည်။
၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ် မြေယာမှုခင်းများ ဖြေရှင်းပေးနိုင်သည့်နှုန်းထား ကျဆင်းသွားသည်ကို အောက်ဖော်ပြပါဇယားအတွင်းမှ အချက် အလက်များက ရှင်းရှင်းလင်းလင်း ညွှန်ပြနေသည်။


**အမှုဖြေရှင်းမှုနှုန်းကို နှစ်အလိုက် လေ့လာခြင်း**

၂၀၁၃ မှ စ ဖွင့်ခဲ့သည့် အမှုပေါင်း ၆၅၂ မှုကို အခြေခံသည်။




မည်သို့ဆိုစေ NLD အစိုးရတာဝန်ယူချိန်မှစ၍ မြေသိမ်းဆည်းမှုများအားဖြေရှင်းနိုင်သည့် အမှုအရေ အတွက် တဖြည်းဖြည်းနေးကွေးသွားခဲ့သည်မှာ စိတ်ဝင်စားဖွယ်ရာအချက်ဖြစ်သည်။ အောက်ပါဇယားကွက် တွင် တပ်မတော်မှသိမ်းယူ ထားသည့်မြေများအတွက် ၂၀၁၅ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် သုံးလပတ်အလိုက် အ မှုတွဲဖြေရှင်းမှု ပမာဏကို ဖော်ပြထားသည်။ တပ်သိမ်းမြေအမှုများဖြေရှင်းရာတွင် တပ်မတော်၏ အ ခန်းက ဏ္ဍကို ဖော်ပြနိုင်ရန် တပ်သိမ်းမြေမှုများကို ဇယားတွင် ရွေးချယ်ဖော်ပြထားသည်။ ယခင် USDP ပါတီ ဦးဆောင် သည့် အစိုးရလက်ထက်တွင် အငြိမ်းစားဗိုလ်ချုပ်ကြီးများ ဦးဆောင်နေသည်ဖြစ်၍ တပ်သိမ်းမြေအမှုများ ဖြေရှင်း ရာတွင် NLD ပါတီဦးဆောင်သည့် အစိုးရ၏ လုပ်ဆောင်နိုင်စွမ်းနှင့်နှိုင်းယှဥ်လျှင် ကြီးမားသည့် ရလဒ်ပ မာဏ ထွက်ပေါ် လာရေး အတွက် ပိုမိုစွမ်းဆောင် နိုင်စွမ်းရှိခဲ့သည်ကို တွေ့ရသည်။

## ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်တို့အတွင်း တပ်သိမ်းမြေမှုများ ဖြေရှင်းနှုန်းကို သုံးလပတ်အလိုက် လေ့လာခြင်း




Namati နှင့် လက်တွဲဆောင်ရွက်နေသည့် ဥပဒေအထောက်အကူပြုသူများနှင့် မိတ်ဖက်အဖွဲ့အစည်း များသည် ၂၀၁၃ ခုနှစ်တွင် အမှုတွဲများစတင်ဖွင့်လှစ်ခဲ့ပြီး၂၀၁၄ ခုနှစ်တွင် ပ ထမဆုံးသော ရလဒ်များကို မြင်တွေ့လာခဲ့ရသည်။ စုစုပေါင်း ဖြေရှင်းနိုင်ခဲ့သည့် မြေသိမ်းအမှုတွဲ (၁၄၅) မှ အနက် အများစုကို USDP အစိုးရလက်ထက်တွင် အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့သည်။

လက်ရှိအစိုးရသည် ပြန်လည်စိစစ်ရေးကော်မတီများရင်ဆိုင်နေရသည့် ပြဿနာများကို သတိမပြု မိခြင်း မဟုတ်ပေ။ ၂၀၁ ၈ ခုနှစ် ဖေဖဝါရီလ ၁၃ ရက်နေ့ တွင် အမိန့်ကြော်ငြာစာ ၁/၂၀၁၈ ဖြင့် အစိုးရက ကြားဖြတ် လုပ်ငန်းစီစစ်ရေးအထူးကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းစဉ်များ တိုး တက်ကောင်းမွန်စေရန်အလို့ငှာ ပြန်လည်စိစစ်ရေးကော်မတီ၏ လုပ်ငန်းစနစ်ကို ပြန်လည်သုံးသပ်ခြင်း ပြုလုပ်ခဲ့သည်။ မည်သို့ပင်ဆိုစေ စောင့်ကြ ည့်ရေးေ ကာ်မတီသည် အ ရပ်ဖက်အဖွဲ့အစည်းများနှင့် ထိတွေ့မှုရှိသည်ကိုယခုစာတမ်းပြုစုနေစဉ် အတွင်း တွေ့ဆုံမေးမြန်းမှုများအရ မတွေ့ခဲ့ရပေ။

Namati သည် အချက်အလက်များနှင့် အ ကံပြုချက်များကို စောင့်ကြည့်ရေးကော်မတီသို့ အတွဲလိုက်ပေးပို့ခဲ့သော်လည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မိမိတို့ထံသို့ အလွတ်သဘော ဆက်သွယ် လာသည်မှအပ မိမိတို့ပေးပို့သည့်စာကိုလက်ခံရရှိကြောင်း ပြန်ကြားချက်လေးမျှပင် မရရှိခဲ့ပေ။ စောင့်ကြ ည့်ရေး ကော်မတီ

၏ ဆောင်ရွက်မှုရလဒ်အဖြစ် မူဝါဒပိုင်းတွင်အနည်းငယ်ပြုပြင်မှုနှင့် ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့ (၄) ဖွဲ့၏ ကွင်းဆင်းသုံးသပ်တင်ပြချက်များအပေါ် အခြေခံထုတ်ပြန်သည့် ညွှန်ကြားချက် (၄) ချက် ထွက်ပေါ်လာခဲ့သည်။ အပြင်ပန်းအားဖြင့် အပြုသဘောဆောင်သော်လည်း လက်တွေ့အားဖြင့်မူ ဖြစ်နိုင်ခြေနည်းပါးသည့် "အမှုတွဲတစ်ခုကို သုံးလအတွင်း အပြီးဆောင်ရွက်ရန်" ဆိုသည့် သတ်မှတ်ချက်ကို ထည့်သွင်းခဲ့သည်။ သို့ရာတွင် "လျော်ကြေးနစ်နာကြေးပေးပြီးဖြစ်သော သိမ်းဆည်းမြေယာများ၊ ပိုင်ဆိုင်မှု တိကျမှန်ကန်စွာ မဖော်ပြနိုင်သည့် သိမ်းဆည်းမြေယာများ၊ တရားရုံး အမှုရုံးမြေယာများကို တိကျစွာ မှတ်တမ်းတင်ထားပြီး၊ အမှု ပိတ်သိမ်း ပြီးဖြစ်သော မြေယာကိစ္စများကို ထပ်မံတိုင်ကြားလာပါက အရေးယူ ဆောင်ရွက်ခြင်းမရှိဘဲ မှတ်တမ်းအဖြစ်သာ ထားရှိမည်ဖြစ်ကြောင်း၊ ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များသို့ ပွင့်လင်းမြင်သာစွာ အသိပေးဆောင်ရွက် ရန် ဆိုသည့် သတ်မှတ်ချက်များက ကျန်ရှိနေသည့် အမှုတွဲများကို တရားမျှတစွာဖြေရှင်းရန် ရည်ရွယ်ခြင်းလော သို့မဟုတ် စုပုံနေသောအမှုတွဲများ လျော့ကျသွားရန် ရိုးသားစွာ ရည်ရွယ်ခြင်းလောဆိုသည့်မေးခွန်းများ ပေါ်ထွက်လာစေသည်။ဥပမာအားဖြင့် ၁၉၉၀ ပြည့် အစောပိုင်း နှစ်များတွင် လယ်သမားများကို ၎င်းတို့၏မြေအတွက်လျော်ကြေးအဖြစ်
ငွေပမာဏအနည်းငယ်ကိုလက်ခံရန် မြေသိမ်းယူသူများက ဖိအားပေးမှု များ
ရှိခဲ့သည်ဖြစ်ရာ ပြန်လည်စိစစ်ရေးကော်မတီက ထပ်မံစုံစမ်းစိစစ်မှုများမလုပ်ဘဲ အမှုကို ပိတ်သိမ်းသင့် သည်ဆိုသည်မှာ မဖြစ်သင့်ပေ။


၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် နိုင်ငံတော်သမ္မတသစ်အဖြစ် သမ္မတကြီး ဦးဝင်းမြင့် တာဝန်ယူပြီးနောက်မြေ သိမ်းဆည်းမှုများ ဖြေရှင်းရေးကို ဦးစားပေးအဖြစ်သတ်မှတ်ခဲ့သည်။ ဥပဒေအထောက်အကူပြုသူများသည် ပြန်လည်စိစစ်ရေး ကော်မတီများ၏ လုပ်ဆောင်မှုနှင့် ကြိုးပမ်းအားထုတ်မှုများ မြင့်မားလာသည်ကို ချက်ချင်းသတိပြုမိလာ ကြသည်။ သို့ရာတွင် ထိုသို့ပိုမိုကြိုးပမ်းအားထုတ်လာလင့်ကစား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြေရှင်းပေး နေရသည့် မြေယာမှုခ င်းများအတွက် ဖြေရှင်းပေးနိုင်သည့်နှုန်းကိုမူ မြ င့်တက်လာစေရန် စွမ်းဆောင်ပေးနိုင်ခြင်း မရှိပေ။ မည်သို့ဆိုစေ သမ္မတ၏ ညွှန်ကြားချက် သို့မဟုတ် သိမ်းဆည်းခံမြေများအတွက် ဖြေရှင်းရာတွင် တက်ကြွသည့် ဝ န်ကြီးချုပ်များ၏ သ က်ရောက်မှုဆိုသည့်အကြောင်းကို အတိအကျ မသိရှိရသော်လည်း အချို့တိုင်း၊ ပြည်နယ်ဒေသများတွင် ဖြေရှင်းပေးနိုင်ခဲ့သည့် မြေယာမှုခင်း အရေအတွက် အနည်းငယ်မြင့်တက်ခဲ့သည်ကို သတိပြုမိခဲ့ကြသည်။

အစိုးရ၏အချက်အလက်များကို အသုံးပြုပြီး ပေါ်ထွက်လာသည့် တွေ့ရှိချက်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ အတွင်းရေးမှူး၏အဆို အရ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းအထိပါဝင်သည့် စာရင်းအရ အမှုတွဲပေါင်း(၅,၁၁၇)အနက် ၉%

ကိုသာ ကော်မတီက ဖြေရှင်းပေးနိုင်ခဲ့ပြီး သိမ်းဆည်းခံရသည့်မြေ (၃၉,၇၉၁)ဧကကို လယ်သမားများထံသို့ ပြန်လည်ပေးအပ်နိုင်ခဲ့ကြောင်းသိရသည်။[4] အစိုးရ၏ အချက်အလက် တိကျမှန်ကန်မှုနှင့်ပတ်သက်၍ ဒွိဟရှိနေသော်ငြား ဥပဒေအထောက်အကူပြုလုပ်ငန်းစဉ်မှ ရရှိသော အမှုတွဲအားလုံး၏ ၂၂ % (ပုံမှန်ထက်နစ်ဆကျော်) ကို ဖြေရှင်းပေးနိုင်ခဲ့ရာ ရပ်ရွာအခြေပြုဥပဒေအထောက်ကူပြုစီမံချက်၏ ထိရောက်မှုက သိသာထင်ရှားဟု ဆိုနိုင်ပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတို့တွင် ဖြေရှင်းပေးနိုင်သည့် ပမာဏမှာ အမျိုးမျိုး ကွဲပြားမှု ရှိနေ သည်။ သို့ရာတွင် ထိုကွဲပြားမှုအချို့သည် ဥပဒေအထောက်အကူပြုအစီအစဉ် စတင်သည့်အချိန် မတူမှုကြောင့် စီမံကိန်းကာလ ကွဲပြားမှု၏ သက်ရောက်မှု ရှိနိုင်သည်ကိုလည်း ထည့်တွက်နိုင်သည်။ နှိုင်းယှဉ်ချက်အားဖြင့် အခြားပြည်နယ်/ တိုင်းဒေသကြီးများထက် ဥပဒေအထောက်အကူပြု အစီအစဉ် အစောဆုံးစတင်ခဲ့သည့် ပဲခူး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဖြေရှင်းပေး နိုင်ခဲ့သည့် အမှုတွဲရာခိုင်နှုန်း ပိုမိုများပြားသည်ကို မျက်မြင်တွေ့ရှိနိုင်သည်။ အဆိုပါ တိုင်းဒေသကြီးသုံးခု ၏နောက် တွင် ၂၀၁၅ ခု နှစ်ကုန်ပိုင်း၌ အစီအစဉ်စတင်ခဲ့သည့် ရှမ်းပြည်နယ်၏ မြေသိမ်းဆည်းမှုပြဿနာများကို ဖြေရှင်းပေးနိုင်မှုနှုန်း ၂၂% အနေဖြင့် ရပ်တည်နေသည်။

ဖြေရှင်းနိုင်မှုနှုန်းကို ပြည်နယ် နှင့် တိုင်းဒေသကြီးအလိုက် လေ့လာခြင်း




## ၃.၁။ စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပြည့်စုံမှန်ကန်မှုမရှိခြင်း

4 ဗဟိုကော်မတီအတွင်းရေးမှူးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၁၇၊ MOI WEB PORTAL

လုပ်ထုံးလုပ်နည်းအရဆိုလျှင် အထောက်အထား စာရွက်စာတမ်းများနှင့်အတူ တိုင်ကြားချက် လက ်ခံရ ရှိသည်နှင့် တစ်ပြိုင်နက် ပြန်လည်စိစစ်ရေးကော်မတီသည် သက်ဆိုင်သည့်နေရာသို့ အဖွဲ့တစ် ဖွဲ့စေလွှတ်၍ အမှုကို စုံစမ်းစစ်ဆေးရမည်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်ကို အခြေခံအားဖြင့် ကျေးရွာ ပြန်လည်စိ စ စ်ရေး ကော်မတီများက ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိတို့၏တွေ့ရှိချက်များကို အကြံပြုချက်များနှင့်အတူ မြို့နယ်အဆင့် ပြန်လည်စိစစ်ရေး ကော်မတီသို့ တင်ပြရမည်။ မြို့နယ်အဆင့်သည် ကျေးရွာအဆင့် အစီရင်ခံစာကို လက်ခံမည် သို့မဟုတ် ပြန်လည်စုံစမ်းစစ်ဆေးမည် ဆိုသည်ကို ဆုံးဖြတ်ရသည်။ သို့ဖြစ်၍ စုံစမ်းစစ်ဆေးခြင်းသည်
အခြေခံအားဖြင့် ကျေးရွာနှင့်
မြို့နယ်
ပြန်လည်စိစစ်ရေးကော်မတီများ၏ တာဝန်ဖြစ်သည်။ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီး သို့မဟုတ် ဗဟိုအဆင့်( များ)သည် အထူးအခြေအနေများ သို့မဟုတ် ပြဿနာဖြစ်နိုင်ခြေမြင့်မားသည့် အမှုမျိုးမှအပ ကွင်းဆင်းစုံစမ်းစစ်ဆေးမှု ပြုလုပ်လေ့မရှိပေ။ ဖော်ပြပါအမှုများ တွင် ပြည်နယ် သို့ မဟုတ် တိုင်းဒေသကြီး ကော်မတီသည် အရေးပေါ်အခြေအနေအရ ဆောင်ရွက်ရန်လိုအပ်ပါ က အထူးကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးသည်။

ရပ်ရွာပြည်သူများနှင့် ဥပဒေအထောက်အကူပြုသူများ၏
အဆိုအရ လက်တွေ့တွင်မူ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရာတွင် နေရာဒေသအလိုက် ကော်မတီအဆင့်များ မတူညီကြကြောင်းသိရသည်။ ဒေသတော်တော်များများတွင် ညွှန်ကြားချက်များအရ ကျေးရွာကော်မတီသည် အမှုစတင်စုံစမ်းစစ်ဆေးရန် တာဝန်ရှိသူဖြစ်သော်လည်း အမှုအများစုတွင်မြို့နယ်ကော်မတီကသာ စုံစမ်းစစ်ဆေးမှုကို ၎င်းတို့ကိုယ် တိုင်ပြုလုပ်ကြသည်။ သို့ရာတွင် မြို့နယ်ကော်မတီအဖွဲ့ဝင်များသည်
အခြားလုပ်ငန်းတာဝန် အ များအပြားရှိနေကြသဖြင့် စုံစမ်းစစ်ဆေးမှုအတွက် ပေးနိုင်သည့်အချိန်နှင့် အားထုတ် ဆောင်ရွက်မှုတို့မှာ အကန့်အသတ်ရှိနေသဖြင့် အချို့အမှုများတွင် မြေပြ င်ကွင်းဆင်းစစ်ဆေးမှုများ မပြုလုပ်နိုင် ကြဘဲ သက်ဆိုင်သူများကို မြို့နယ်ရုံးသို့သာခေါ်ယူ၍ စ စ်ဆေးမေးမြန်းခြင်းများ ပြုလုပ်တတ်ကြသည်။ ဤကဲ့သို့ အခြေအနေမျိုးတွင် လယ်သမားများသည် ကိုယ်ပိုင်စရိတ်ဖြင့် မြို့နယ်ရုံးသို့လာရောက်ကြရသည့်အပြင် ဩဇာ အာဏာရှိသူများရှေ့မှောက်၌ စကားပြောဆိုရန် မဝံ့မရဲဖြစ်စေသည်။ ထို့အပြင် လယ်သမားများက ခေါ်သမျှ အကြိမ်တိုင်း မ ပျက်မကွက်သွားရောက်ခဲ့ကြသော်လည်း မြေသိမ်းယူထားသူများကမူ ကြားနာမှုနှင့် အစည်း အဝေးများသို့ အကြိမ်အတော်များများ လာရောက်ကြခြင်းမရှိပေ။ အစည်းအဝေးသို့ မြေသိမ်းယူထားသူ

ဘက်က

မတက်ရောက်သည့်အခြေအနေမျိုးတွင် မြေယာနှင့်သက်ဆိုင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ေ ကျေးရွာအုပ်ချုပ် ရေးမှူးများနှင့် ရ ပ်/ကျေး စာရေးဝန်ထမ်းများသည် ကော်မတီအတွက် အရေးပါသည့် သတင်းရင်းမြစ်များ ဖြစ်လာကြသည်။ နှစ်ဖက်စုံညီစစ်ဆေးမှုများ မရှိသည့်အတွက် သိမ်းဆည်းခံ တောင်သူများသည် သတင်းအချက်အလက် ရရှိမှုမရှိသည့် နစ်နာမှုများ ဖြစ်ပေါ်စေသည်။ တရားမျှတမှု ရရှိနိုင်ရန် ဝေးကွာစေသည်။

မြေသိမ်းယူထားသူများနှင့် စုံစမ်းစစ်ဆေးသူများ အပါအဝင် သက်ဆိုင်သူအားလုံး၏ ထိထိရောက် ရောက် ပါဝင်မှုသည် စုံစမ်းစစ်ဆေးမှုအရည်အသွေး ပိုမိုကောင်းမွန်ရေးနှင့် အထက်ဆင့် ကော်မတီများသို့ ဘက်လိုက်မှုမရှိ တရားမျှတသည့် အကြံပြုချက်များ တင်ပြနိုင်ရေးအတွက် အလွန်အရေးကြီးသည်။ သို့ရာတွင် ရပ်ရွာအခြေပြု ဥ ပဒေအထောက်အကူပြုသူများနှင့် လယ်သမားများက စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်တွင် မြေသိမ်းယူထားသူများ၏ ပါဝင်မှု၊ အစစ်ဆေးခံယူမှုမှာ အ ဆင့်တိုင်းတွင် အားနည်းနေကြောင်း ထောက်ပြ ကြသည်။ အထူးသဖြင့် ရပ်ကျေးကော်မတီတွင် အားနည်းခြင်းဖြစ်ပြီး ထိုအဆင့်သည် မြေသိမ်းခံ တောင်သူများက ထိထိရောက်ရောက် ပိုမို ပါဝ င်ဆောင်ရွက်နိုင်ကြသည့် အဆင့် ဖြစ်သည်။ သဇာတိက္ကမ ရှိသည့် မြေသိမ်းယူသူများသည် ကျေးရွာအဆင့်နှင့် မြို့ နယ်အဆင့် စုံစမ်းစစ်ဆေးမှုများတွင် ပါဝင်လေ့မရှိကြပေ။ ယင်းတို့၏ကိုယ်စားလှယ်များ ရုံဖ န်ရံခါ တက်ရောက်တတ်ကြသော်လည်း မေးခွန်းများ မှန်ကန်စွာဖြေဆိုနိုင်စွမ်းမရှိကြပေ။ ဥပမာပြရလျှင် ရှမ်းပြည်နယ်အတွင်း တပ်မတော်မှ မြေသိမ်းယူခဲ့သည့် အမှုတစ်ခုတွင် မြို့နယ်အဆင့်စိစစ်ရေးအဖွဲ့အား သိမ်းယူထားသည့်မြေသို့ ဝင်ရောက်ခွင့် မပြုခဲ့ဘဲ "လုံခြုံရေး အတွက်ကြောင့်"ဟု အကြောင်းပြကာ မြေပြင်ကွင်းဆင်းမှု မရခဲ့ပေ။ အလားတူဥ ပမာတစ်ခုအနေဖြင့် တိုင်းဒေသကြီးတစ်ခုရှိ အမှုတစ်ခုတွင် သိမ်းဆည်းမြေများတိုင်းတာရေးအတွက် အဆင့်မြင့်ပူးတွဲ မြေစစ်တမ်းကောက်ယူ ရေးအဖွဲ့ တစ်ဖွဲ့ကို ဖွဲ့စ ည်းခဲ့ရာတွင် တိုင်းဒေသကြီးအဆင့် ကော်မတီဝင် တပ်မတော်သားကိုယ်စားလှယ်သည် မြို့နယ်နှင့် ခရိုင်အဆင့် ကော်မတီများမှအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူဆောင်ရွက်ရန် လိုလိုလား လားမ ရှိဟု တွေ့ရှိရသည်။ ထို့အပြင် မြို့ နယ် အဆင့်ကော်မတီများမှ တာဝ န်ရှိသူများသည် တပ်မ တော်သိမ်း မြေမှုများတွင် တပ်မတော်နှင့် ဆက်သွယ်ဆောင်ရွက ္ရန ္ စိုးရိမ်မှုများရှိနေဆဲဖြစ်သည်ကို ဖြေရှင်းခဲ့သည့် အတွေ့အကြုံများအရ ေတြ႔ရွိရသည္။

လယ်သမားများအကြား အဓိကစိုးရိမ်ပူပန်မှုများအနက် တစ်ခုမှာ စုံစမ်းစစ်ဆေးရေးစနစ်၏ စည်းမျဉ်း စည်းကမ်းများတွင် လယ်သမားများသည်

မြေအသုံးချသူများဖြစ်ကြောင်း သက်သေအထောက်အထားအဖြစ် ကျမ်းကျိန်လွှာနှင့် လယ်နီးချင်း
များ၊ ကျေးရွာမှ ကြည်ညိုလေးစားရသူ ရ ပ်မိရပ်ဖများ၏ နှုတ်ဖြင့်သက်သေခံချက်များကို လက်ခံသော်လည်း
လက်တွေ့တွင် အ ဆိုပါအထောက်အထားမျိုးကို
မသိကျိုးကျွန်ပြုထားတတ်ကြခြင်းပင်ဖြစ်သည်။ မြေယာအုပ်ချုပ်မှုစနစ်အားနည်းခြင်း နှင့် ဓလေ့
ထုံးတမ်းအရ မြေအသုံးချမှု တွင်ကျယ်ခဲ့သည့် သမိုင်းများကြောင့်
တရားဝင် စာရွက်စာတမ်းအထောက်အထားမရှိမှု ပြဿနာသည် မြန်မာတစ်နိုင်ငံလုံး
ရင်ဆိုင်နေရသည့် ပြဿနာတစ်ခုဖြစ်သည်။ ယင်းကို စိစစ်ရေးကော်မတီများအတွက် လမ်းညွှန်ချက် အဖြစ်
ထုတ်ဝေသည့် ၂၀ ၁၈ ခုနှစ် မူဂါဒ လုပ်ငန်းစဉ် ဖြစ်သည့် နိုင်ငံတော်မှ သိမ်းဆည်းသည့်
လယ်ယာမြေနှင့် အခြားမြေများကို မူလတောင်သူများက ပြန်လည်လျှောက်
ထားသည့် ကိစ္စရပ်များနှင့် စ ပ်လျဥ်းသည့် မူဝါဒ (၁၀) ချက်"၏ အမှတ် ၂ တွင်မှ
အသိအမှတ်ပြုထားသည်။ သို့သော် ရပ်ကျေးနှင့် မြို့န ယ် ပြန်လည်စိစစ်ရေးအဖွဲ့ဝင်များသည် အ
ထက်ဖော်ပြပါ အချက် ၂ အ တိုင်း အထောက်အထားမပြနိုင်သော်လည်း အများကကြည်ညိုလေးစားရသည့်
ရပ်မိရပ်ဖများ များ၏ ထွက်ဆို ထောက်ခံချက်များကို
အလေးထားဆောင်ရွက်ခြင်းမရှိဘဲလယ်သမားအများစုတွင်မရှိကြသည့် စာရွက်စာတမ်း အထောက်အထ
ားများ အပေါ်တွင်သာ အလေးထားစစ်ဆေးတတ်ကြသည်။
သို့ဖြစ်၍ ပြန်လည်စိစစ်ရေး ကော်မတီများ၏
အစီရင်ခံစာများနှင့်အကြံပြုချက်များတွင် အထက်အဆင့် ကော်မတီများသို့တင်ပြရာ၌
အထောက်အထားမရှိမှုကို အ သားပေးဖော်ပြသည့်အတွက် အဆိုပါ
အကြံ ပြုချက်များသည် ပ ကတိမြေပြင်အခြေအနေကို
ထင်ဟပ်ဖော်ပြနိုင်ခြင်းမရှိပေ။
သို့ဖြစ်၍ လယ်သမားများနှင့် ရပ်ရွာအခြေပြု
ဥပဒေအထောက်အကူပြုသူများသည်
အထက်အဆင့်ကော်မတီများသို့ အသနားခံစာများ၊
တိုင်ကြားစာများ ထပ်မံတင်ပြကြရသည်။ ထို့ကြောင့် ထ ပ်မံစုံစမ်းစစ်ဆေးရန် အမိန့်များသာ ကျလာကာ
အမှုတစ်ခုတည်းကိုပင် စုံစမ်း စစ်ဆေးမှုများ အကြိမ်ကြိမ်ပြန်လုပ်ရသဖြင့် ရံဖန်ရံခါတွင် လယ်သမားများ
အတွက် မလိုအပ်ဘဲ နှောင့်နှေး ကြန့်ကြာမှုများ၊ မသေချာမရေရာမှုများ ဖြစ်ပေါ်စေသည်။

ရပ်ရွာအခြေပြု ဥ ပဒေအထောက်အကူပြုသူများနှင့် အမှုများတွင်
တက်တက်ကြွကြွပါဝင်ခဲ့ကြသည့် လ ယ်သမားများ၏အဆိုအရ ကျေးရွာအဆင့်ကော်မတီသည်
ပို၍တရားမျှတမှုရှိပြီး၊ လ ယ်သမားများအကြောင်း၊ အငြင်းပွားနေသည့်မြေရာဇဝင်၊
ယခင်မြေသိမ်းယူမှုများကြောင့် ဆုံးရှုံးခဲ့ရမှုများကို ပိုပြီးသိရှိနားလည်ထားကြ သည်ဟု ယုံကြည်ကြသည်။

ထို့အပြင် လယ်သမားများအနေဖြင့် ၂ မြို့နယ်၊ ၈ ရှိင် သို့မဟုတ် အထက်အဆင့် ကော်မတီများထက် ကျေးရွာအဆင့်ကော်မတီများနှင့် တွေ့ဆုံပြောဆိုရသည့်အခါ ယုံကြည်မှုနှင့်စိတ်လွတ် လပ်မှုပိုရှိသည်ဟုခံစားကြရသည်။ သွားရောက်တွေ့ဆုံရန်အတွက် အချိန်၊ ခွန်အား၊ ငွေတို့ ပိုမိုကုန်ကျရသည့် အထက်အဆင့်ကော်မတီများထက် ကျေးရွာအဆင့်ကော်မတီများတွင် တင်ပြပြောဆိုရသည်မှာ ၎င်းတို့အတွက် ပို၍သက်တောင့်သက်သာရှိကြသည်။

ပြန်လည်စိစစ်ရေးကော်မတီများတွင် အဖွဲ့ဝင်မျိုးစုံပါဝင်သည်။ ယင်းတို့တွင် စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန စသည်ဖြင့် သက်ဆိုင်ရာဌာန အားလုံးမှအစိုးရအရာရှိများ ပါဝင်သည်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ်စား လှယ်များ၊အရပ်ဘက်အဖွဲ့အစည်းများနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များကိုလည်း ထည့်သွင်းထားပြီး ကော်မတီကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်များက ဦးဆောင်သည်။ လေ့လာတွေ့ရှိရသည့်အချက်မှာ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်နှင့် အခန်းကဏ္ဍများသည် အမှုတွဲများ ရှေ့ဆက် ဆောင်ရွက်နိုင်ရေးနှင့် ကော်မတီ၏ တာဝန်ခံမှုမြင့်မားရေးတို့အတွက် အလွန်အရေးပါသည့် အချက်ဖြစ်သည်။ ၄င်းတို့သည် အခြားကော်မတီဝင်များက စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် လမ်းညွှန်စည်းကမ်းများ လိုက်နာမှုရှိစေရေးအတွက် အထောက်အကူပေးနိုင်ပြီး တပ်မတော်အပါအဝင်ဩဇာတိက္ကမကြီးသည့် မြေသိမ်းယူ ထားသူများနှင့် ဆက်သွယ်ဆောင်ရွက်လိုစိတ်ရှိပြီး မြေသိမ်းယူခံထားရသည့် လယ်သမားများ၏ စိတ်ခံစားချက်များကို နားထောင်လိုစိတ်ရှိသူများဖြစ်ကြသည်ဟု တွေ့ရှိရသည်။

လွှတ်တော်ကိုယ်စားလှယ်များ၊ အရ ပ်ဘက်အဖွဲ့အစည်းများနှင့် လယ်သမားကိုယ်စားလှယ်များ တက် တက်ကြွကြွရှိသည့် ကော်မတီများတွင် စုံစမ်းစစ်ဆေးမှုများနှင့် အကြံပြုချက်များ ပိုမိုတရားမျှတစေရေးအတွက် ကူညီပေးနိုင်ကြသည်။ သို့ဖြစ်၍ အဆိုပါလွှတ်တော်ကိုယ်စားလှယ်များနှင့် အရပ်ဘက်အဖွဲ့အစည်း ကိုယ်စား လှယ်များကို မှန်မှန်ကန်ကန်မရွေးချယ်နိုင်ပါက အခြေအနေတိုးတက်လာမည်မဟုတ်ပေ။ အာဏာရ ပါတီများနှင့် နီးစပ်မှုကြောင့် အရွေးချယ်ခံခဲ့ရသည့် လ ယ်သမားကိုယ်စားလှယ်များ ပါဝင်သော ကျေးရွာများနှင့် မြို့နယ် ကော်မတီ အချို့တွင် အဆိုပါ ကိုယ်စားလှယ်များသည် လုပ်ငန်းစဉ်များတွင် ထိထိရောက်ရောက်၊ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ခြင်းမရှိကြပေ။

ကော်မတီအဆင့်ဆင့်တွင်ပါဝင်နေသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စုံစမ်းစစ်ဆေးမှုပြု လုပ်နေစဉ်အတွင်းပါဝင်ခြင်းမရှိဘဲ အမှုအပေါ်သဘောထားမှတ်ချက်မပေးသင့်ပေ။ သို့သော် လက်တွေ့တွင် ထိုသို့မဟုတ်ဘဲ စုံစမ်းစစ်ဆေးမှုများ၌ သဘောထားမှတ်ချက်များ ပေးနေသ ည်ကိုတွေ့ရှိရသည်။ လွှတ်တော် ကိုယ်စားလှယ်များသည် အဖွဲ့ဝင်အဖြစ်ပါဝင်ရုံသက်သက်ထက် ကော်မတီများအပေါ် လွှတ်တော်ဆိုင်ရာ ကြီးကြပ်မှု အခ န်းကဏ္ဍကို အပြည့်အဝဆောင်ရွက်နိုင်လျှင် ပိုမိုထိရောက်မှုရှိလာနိုင်မည်ဖြစ်သည်။

## ၃.၂။ သတင်းအချက်အလက်ရရှိမှုသည် အကန့်အသတ်များရှိနေသည်

ထိခိုက်နစ်နာသည့် လ ယ်သမားများအပါအဝင် သ က်ဆိုင်သူအားလုံးအတွက် အရေးပါသည့်အချက်မှာ အောက်ဖော်ပြပါကဲ့သို့သော သတင်းအချက်အလက်များ ရရှိနိုင်ရေးဖြစ်သည် -

- အစိုးရဖိုင်တွဲများတွင် ဖော်ပြထားသည့် တရားဝင် မြေယာမှတ်တမ်းများနှင့် ပိုင်ဆိုင်မှု(သို့မဟုတ်) အသုံးပြုမှု စာချုပ်များ
- မြေသိမ်းဆည်းမှုနှင့်ပတ်သက်သည့် တရားဝင်အမှုတွဲဖိုင်များ
- အမှုတွဲအခြေအနေ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်အဆင့် စသည့် တို့ရှိ)
- စုံစမ်းစစ်ဆေးတွေ့ရှိချက်များ
- အဆင့်အသီးသီးရှိ ကော်မတီများ၏ သဘောထားမှတ်ချက်များနှင့် အကြံပြုချက်များ
- အကယ်၍ရှိလျင် မြေသိမ်းယူသူများအဖြစ် စွဲဆိုခံရသူများ၏ ပြန်ကြားချက်များ

တိုင်း/ ပြည်နယ်မှ ရပ်/ ကျေးကော်မတီအဆင့်ဆင့်အထိ လုပ်ငန်းတာဝန်များတွင် သ က်ဆိုင်ရာနယ်မြေဒေသအလိုက် စွန့်လွှတ်သည့်မြေစာရင်းများ၊ မစွန့်လွှတ်သည့်မြေစာရင်းများနှင့် စပ်လျဉ်း၍ ပြည်သူအများသိရှိရန် တစ်လလျှင် တစ်ကြိမ် ပွင့်လင်းမြင်သာစွာ အသိပေးသတင်းထုတ်ပြန်သွားရန် ညွှန်ကြားထားသလို "စွန့်လွှတ်မြေများ သက်ဆိုင်သူလက်ဝယ် အမြ န်ရောက်ရှိရေး လုပ်ငန်းစဉ် (၉)ရပ်"၏ လမ်းညွှန်စည်းမျဉ်း အမှတ်(၆)တွင်လည်း ဖော်ပြထားသည်။ သို့ ရာတွင် အဆင့်အားလုံးရှိ ပြန်လည်စိစစ်ရေးကော်မတီများသည် အဆိုပါစည်းကမ်းချက်ကို လိုက်နာခြင်းမရှိသလောက်နည်းပါးသည်။ ဉပဒေအထောက်အကူများမှ ထဲထဲဝင်ဝင်ဆောင်ရွက်ခဲ့သမျှ အ မှုပေါင်း (၆၅၂) မှုတွင် ထိုသို့သော သတင်းထုတ်ပြန်မှုမျိုး တစ်ကြိမ်တစ်ခါမှ မြင်တွေ့ခဲ့ရခြင်းမရှိပေ။

မြေယာအရေးဆောင်ရွက်နေသည့် ကျွမ်းကျင်သူများ၏အဆိုအရ ၂၀၁၆ ခုနှစ် မေလမှ ၂ ၀၁၇ ခုနှစ်ကုန် အထိ တစ်နှစ်ခွဲကျော်ကြာကာလအတွင်း ပြန်လည်စိစစ်ရေးဗဟိုကော်မတီကိုယ်တိုင်ကပင် သတင်းထုတ်ပြန်မှု သုံးကြိမ်သာရှိခဲ့သည်။ အဆိုပါသတင်းထုတ်ပြန်မှုကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် တစ်ကြိမ်၊ ၂၀၁ ၇ ခုနှစ် ဧပြီလနှင့် မေလတို့ တွင် နောက်ထပ်နှစ်ကြိမ် ပြုလုပ်ခဲ့သ ည်။ သို့ရာတွင် အဆိုပါသတင်းများသည် လုပ်ငန်း စဉ်အတွင်း မည်သူ့အတွက်မှ အသေးစိတ်လုံလုံလောက်လောက် အကူအညီမဖြစ်ခဲ့ဘဲ ပြန်လည် ပေးအ ပ် ခဲ့သ ည့်မြေဧကစုစုပေါင်းအရေအတွက် စသ ည်တို့နှင့်သက်ဆိုင်သည့် အချက်အလက်များအား စုစည်းဖော်ပြထားခြင်းမျှသာ ဖြစ်သည်။ လယ်သမားများ၊ ဥပဒေအထောက်အကူပြုသူများ သို့မဟုတ် အခြားစိတ်ဝင်စားသည့်
အဖွဲ့အစည်းများအနေဖြင့် ကော်မတီ၏လုပ်ငန်းများနှင့်ပတ်သက်သည့် သတင်း အချက်အလက်များ၊ တရားဝင်ထုတ်ပြန်သည့် အခြားသတင်းများအား ရယူအသုံးပြုနိုင်မည့် ဒေတာဘေ့စ်စနစ် သို့မဟုတ် သတင်းအရင်းအမြစ်/လမ်းကြောင်း စသည်တို့ မရှိပေ။ ၂၀ ၁၈ ခုနှစ်တွင် ဒီဂျစ်တယ်စနစ်သုံးဒေတာဘေ့စ်တွင် အချက်အလက်များ ထည့်သွင်း သိမ်းဆည်းခြင်းအပါအဝင် ညွှန်ကြားချက်များ ပြင်ဆင်မှုပြုလုပ်ခဲ့သော်လည်း လက်တွေ့ဆောင်ရွက်ခဲ့သည့် အထောက်အထားမျိုး မတွေ့မြင်ခဲ့ရပေ။ မြို့နယ်အဆင့် အပါအဝင် သတ င်းအ ချက်အလက်များ ထုတ်ပြန်နိုင်ရမည်ဟူသော အချက်ကို ပြန်လည် အားဖြည့်ထည့်သွင်းခဲ့သော်လည်း ယင်းကိစ္စတွင်လည်း မည်သည့် အပြောင်းအလဲကိုမှ မြင်တွေ့ရခြင်းမရှိသေးပေ။

ပြန်လည်စိစစ်ရေးကော်မတီများမှထုတ်ပြန်သည့် သတင်းအချက်အလက်များ မရှိသလောက်နည်းပါးသည့်အတွက် သတင်းအချက်အလက်များ တောင်းခံနိုင်ရေးနှင့် မြေယာမှုခင်းများ၏ တိုးတက်မှုအခြေအနေနှင့်ပတ်သက်၍ မေးမြန်းရန်အတွက် ကော်မတီများရုံးထိုင်ရာနေရာများသို့ အရောက်သွားရန်မှ ၁ လ ယ်သမား များနှင့် ဥပဒေ အထောက်အကူပြုသူများအပေါ် သို့ ၀ န်ထုပ်တစ်ခုအဖြစ်ကျရောက်လာသည်။ တစ်ခါတစ်ရံ သတင်းအချက် အ လက် တ စ်ခု ရ ရှိရန်အတွက် အကြိမ်ကြိမ်သွားရသည်များလည်းရှိသည်။ လိုအပ်သည့် သတင်းအချက်အလက်ပေါ် မူတည်၍ မြို့ နယ် သို့မဟုတ်
ခရိုင်သို့လည်းကောင်း၊ လုပ်ငန်းစနစ်အရ အထက်သို့ အမှုတွဲ တက်သွားလျှင် တိုင်းဒေသကြီး/ပြည်နယ်ကော်မတီအထိလည်းကောင်း
သွားရောက်စုံစမ်းနေရသည်။ ဤသို့သွားရောက်ရခြင်းက ကျေးလက်တောရွာများတွင်နေထိုင်သည့် လ ယ်သမားများအတွက် အ ချိန်၊ လုပ်အားနှင့် ငွေကြေးတို့ များစွာကုန်ကျနေသည်။ ဤကဲ့သို့ တိုက်ရိုက်ချဉ်းကပ်သော်ငြားလည်း အလုပ်ဖြစ်လေ့ မရှိဘဲ သတင်းအချက်အလက်မရရှိခဲ့သည်များရှိသကဲ့သို့ အချို့ဖြစ်ရပ်များတွင် သတ င်းမှားများသာ ရရှိခဲ့သည်။

ဥပဒေအထောက်အကူပြုသူများသော်လည်းကောင်း၊ ထိခိုက်နစ်နာသော မြေသိမ်းခံရသူများမှ သော်လည်းကောင်း ၊ ၎င်းတို့၏ အမှုအခြေအနေများကို သိရှိလိုလျှင် သတင်းအချက်အလက်များ ရရှိရန်ခက်ခဲနေပြီး အစိုး ရရုံးများမှ အရာထမ်း သို့မဟုတ် အမှုထမ်းတစ်ဦးဦး၏အကူအညီကို ရယူနိုင်မှသာ သတင်းအချက်အလက် ရရှိရန် ပို၍လွယ်ကူလေဖြစ်နေရာ အင်အားနည်းသော တောင်သူများအတွက် ပို၍ခက်ခဲ စေသည်ကို တွေ့ရှိရသည်။ သို့ဖြစ်၍ လ ယ်သမားများနှင့် ရပ်ရွာဥပဒေအထောက်အကူပြုသူများသည် လိုအ ပ်သည့် သတင်းအချက်အလက်များရရှိရေးအတွက် မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်/တိုင်းဒေသကြီး ကော်မတီများတွင် ပါဝင်သည့် လွှတ်တော် ကိုယ်စားလှယ်များ၊ လယ်သမားနှင့် အရ ပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များအပေါ် လုံးလုံးလျားလျား မှီခိုနေရသည်။

အမှုတွဲတစ်ခုတွင် တိုင်းဒေသကြီးမြေစစ်ကော်မတီသည် ခရိုင်ကော်မတီ၏ တင်ပြသည့် အစီရင်ခံစာ အပေါ် အခြေခံ၍ ဆုံးဖြတ်ချက်များနှင့် သဘောထားမှတ်ချက်များ ပြုလုပ်ခဲ့သည်။ သို့ရာတွင် ကနဦးအစီရင်ခံစာသည် အခြေအနေမှန်ကို ထ င်ဟပ်ဖော်ပြထားခြင်းမရှိပေ။ ဤအမှုတွင် လယ်သမားများအတွက် ခရိုင်ကော်မတီက အ[illegible] ကံပြုချက်များနှင့် သဘောထားမှတ်ချက်များ မည်သို့ပေးခဲ့သည်ကို သိရှိရန် အ လွန်အရေး [illegible] ကီးသည်။ သို့မှသာ အ ထက်အဆင့်သို့ အယူခံလွှာတင်ရန် လို-မလို ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ သို့ရာတွင် လယ်သမားများသည် အဆိုပါ ဆုံးဖြတ်ချက်များနှင့် သဘောထားမှတ်ချက်များအတွက် မိတ္တူတစ်စောင်ပင် လက်ခံရရှိခြင်းမရှိပေ။ ထိုအစား တာဝန်ရှိသူတစ်ဦးက ဆုံးဖြတ်ချက်နှင့် မှတ်ချက်များကို လယ်သမားများအား ဖတ်ပြခြင်းသာ ပြုလုပ်ခဲ့သည်။ ကံအားလျော်စွာ ဤထူးခြားသော အမှုတွဲတွင် လယ်သမားများသည် ကော်မတီရှိ မိတ်ဆွေကောင်းတစ်ဦးမှတဆင့် အထောက်အထားစာရွက် များကို မိတ္တူတစ်စောင်ရရှိခဲ့ကြသည်။ ဤစာစောင်တွင် မိမိတို့အနေဖြင့် ယခုထက်ပို၍ ပြောဆိုနိုင်ခြင်းမရှိပေ။ အဘယ့်ကြောင့်ဆိုသော် လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရေးတွင် မိတ်ဆွေကောင်း၏ တတ်စွမ်းသမျှဆောင်ရွက်ပေးမှုကို ထိခိုက်စေနိုင်သော ကြောင့်ဖြစ်သည်။ အဆိုပါစာရွက်စာတမ်းက ဆုံးဖြတ်ချက်အပေါ် ကန့်ကွက်စာတင်ပြရေးအတွက် ပြင်ဆင်ရာတွင် လယ်သမားများအား အကူအညီ ဖြစ်စေခဲ့သည်။ အဆိုပါအမှုတွင် သတ င်းအချက်အလက် ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယန္တရား၏အားနည်းချက်များကို ဖော်ပြနေပြီး သိသာ ထင်ရှားသည့် အချက်မှာ ကော်မတီများတွင်လယ်သမားများအတွက် အကူအညီပေးမည့်သူမရှိလျှင် သို့မဟုတ် ထိခိုက်နစ်နာသည့် ရ ပ်ရွာပြည်သူများ၏ အကျိုးစီးပွားကို လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စား လှယ်များက အ မှန်တကယ်ကိုယ်စားပြုခြင်းမရှိလျှင် သတင်းအချက်အလက်များရရှိရန် ပိုမိုခက်ခဲသည်ကို ဖော်ပြနေသည်။

အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့မှစုံစမ်းစစ်ဆေးပေးရမည့်၊ အကြံပြု ပေးရ မ ည့်အမှုအခင်းများအတွက် သတင်းအချက်အလက်များကိုပင် ရယူသုံးစွဲခွင့်များ ကန့်သတ်ခံနေရခြင်းက အံ့အားသင့်ဖွယ်ပင်ဖြစ်သည်။ ဤဖြစ်ရပ်သည် ကော်မတီအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များနှင့် တရားမျှတမှု ဖော်ဆောင်နိုင်ရေးတို့ကိုပါ ကန့်သတ်လာနိုင်သည်။ မြို့နယ်ကော်မတီတွင်ပါဝင်သော တက်တက်ကြွကြွရှိသည့် လယ်သမားကိုယ်စားလှယ်တစ်ဦးက အကြံပြုချက်နှင့်အမှုတွဲဖိုင်မိတ္တူ အပြည့်အစုံရရှိရေးမှာ အဖွဲ့ဝင်ဖြစ်သူများ အတွက်ပင် စိန်ခေါ်မှုများရှိနေဆဲဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ အကယ်၍ အချို့အခြေအနေများတွင် ကော်မတီဝင်များအား ထိုအချက်အလက်များကို ကြည့်ရှုခွင့်ပေးထားခဲ့သည့်တိုင် လယ်သမားကိုယ်စားလှယ် များသည် အဆိုပါစာရွက်စာတမ်းများအား မိတ္တူကူးယူရန်အတွက် ကိုယ်ပိုင်ငွေကို စိုက်ထုတ်သုံးစွဲကြရသည်။ အမှန်တွင်မူ ကျေးရွာမှသည် ခ ရိုင်အဆင့် ကော်မတီများအထိ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူထားသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကဤလုပ်ငန်းများကို စီမံခန့်ခွဲပေးရမည်ဖြစ်သည်။ထို့အပြင် လယ်သမား ကိုယ်စားလှယ်များသည် စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒသ တ်မှတ်ချက်များအတိုင်း သတင်းအချက်အလက် များလစဉ်ထုတ်ပြန်ခြင်းပြုလုပ်ရန် ဆန္ဒရှိကြသည်။ ကော်မတီအဖွဲ့ဝင်များအတွက်သာမက အများပြည်သူနှင့် ထိခိုက်နစ်နာသည့် လ ယ်သမားများအတွက်ကိုပါ သ တင်းအချက်အလက်ရရှိမှု တိုးတက်လာစေချင်ကြသည်။ ထိုသို့ဆောင်ရွက် နိုင်မည်ဆိုပါက ပွင့်လင်းမြင်သာမှုနှင့် ရိုးသားပွင့်လင်းမှုများ ပိုမိုကောင်းမွန်လာစေနိုင်ပြီး အမှုတွဲများအား မြန်မြန်ဆန်ဆန်ဖြေရှင်းနိုင်ရေးကိုလည်း အကူအညီပေးနိုင်မည်ဖြစ်သည်။

## ၃.၃။ မြေသိမ်းယူထားသူ၏ အကျိုးစီးပွားကို ဦးစားပေးခြင်း

*"တပ်ကနေ သိမ်းယူထားတဲ့မြေတွေအတွက် ပြန်လည်မစွန့်လွှတ်နိုင်လို့ လျော်ကြေးပေးတယ်ဆိုတာမျိုး ဘယ် တုန်းကမှ မကြားမိဘူး"*

လယ်သမားတစ်ဦး

လက်ရှိဖြေရှင်းရေးစနစ်သည် မြေသိမ်းယူထားသူများ၏ အကျိုးစီးပွားကို ဦးစားပေးဖော်ဆောင်နေ ကြသည်။ သိမ်းဆည်းမြေများအား ပြန်လည်စွန့်လွှတ်ရာတွင် အနည်းစုသာဖြစ်ပြီး လျော်ကြေးပေးသည့် အမှုများတွင်လည်းလျော်ကြေးထိုက်ထိုက်တန်တန်ပေးခြင်းမျိုးလည်းမရှိသည့် အခြေအနေကို ဖြစ်ပေါ်စေသည်။

မြေပြန်လည်စိစစ်ရေးလုပ်ငန်းစဉ်အတွက် သတ်မှတ်ထားသည့် လမ်းညွှန်စည်းကမ်းများအရ မြေသိမ်း ဆည်းခံရခြင်းမှန်ကန်ကြောင်းဆုံးဖြတ်လျှင်၊ အကယ်၍အခြေခံသတ်မှတ်ချက်များနှင့် ကိုက်ညီနေလျှင်မြေသိမ်း ခဲ့သူများအတွက် ရွေးချယ်ခွင့်နှစ်ခုပေးထားသည် -

၁) လယ်သမားများသို့ သိမ်းယူထားသည့်မြေများ ပြန်လည်ပေးအပ်ရန်

၂) မြေကို ဆက်လက်သိမ်းယူထားပြီး မူလပိုင်ရှင် လယ်သမားများသို့ လျော်ကြေးပေးရန်

လယ်သမားများအတွက်မူ မြေသိမ်းယူသူ၏ ဆုံးဖြတ်ချက်ကို လက်ခံရန်ဆိုသည့် ရွေးစရာတစ်လမ်းသာ ရှိသည်။ ထို့နောက် ပိုမိုကောင်းသော သဘောတူညီမှုရရှိရေးအတွက် ကြိုးစားပမ်းစား ညှိနှိုင်းရန်သာရှိသည်။ လက်ရှိဖြေရှင်းစနစ်၏ဝိညာဉ်သဖွယ်ဖြစ်နေသည့် အခြေခံအခွင့်အာဏာဟန်ချက်မညီမှုက အဓိပ္ပာယ်လေးနက် ပြည့်ဝသည့် တရားမျှတမှုဖော်ဆောင်ရေးကို လွန်စွာခက်ခဲစေသည်။

လယ်သမားအများစုက မြေကိုသာပြန်လိုချင်ကြသည်။ ၄င်းတို့ပိုင်မြေများ လုပ်ကိုင်ခွင့်မရသဖြင့် နစ်နာဆုံးရှုံးခဲ့ရသည့်ဝင်ငွေအတွက် လျော်ကြေးများပေးစေလိုသည်။ သို့ရာတွင် မြေသိမ်းယူထားသူအများစုက ဒုတိယနည်းလမ်း(မြေကိုဆက်သိမ်းထားခြင်း) သို့မဟုတ် အခြား ဌာနအဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းခြင်း တို့ကို ပြုလုပ်ရန် ရွေးချယ် ဆုံးဖြတ်လေ့ ရှိကြသည်။ မည်သို့ဖြစ်စေ အောက်ပါသတ်မှတ်ချက်များနှင့် ကျိန်းသေကိုက်ညီ နေမှသာလျှင် ထိုသို့လုပ်ဆောင်နိုင်မည်ဖြစ်သည် -

၁) မြေသိမ်းယူသည့် မူလအကြောင်းပြချက်နှင့်အညီ မြေကို အသုံးပြုနေခဲ့ခြင်း

၂)မြေသိမ်းယူသည့်စီမံချက်တွင် "အများပြည်သူ အကျိုးဗှာ" ဆိုသည့် ပြည်သူလူထုအတွက် အကျိုးရှိစေ သည့် ရည်ရွယ်ချက်တစ်ရပ်ရှိနေခြင်း သို့မဟုတ်

၃) တပ်မတော်သိမ်းမြေများအတွက် "လုံခြုံရေး" ရည်ရွယ်အချက်အတွက် အသုံးပြုခြင်း

အထက်ဖော်ပြပါ စံသတ်မှတ်ချက်များ၏ အဓိပ္ပါယ်သည် ယေဘုယျဆန်သည့်အပြင် စံသတ်မှတ်ချက် များနှင့် လုံးဝကိုက်ညီမှုမရှိဘဲ မြေကိုဆက်လက်သိမ်းယူထားရန် သို့မဟုတ် နီးစပ်ရာသို့လက်လွှဲပေးရန် အတွက် လက်ရှိဖြေရှင်းရေးစနစ်ကို

အလွဲသုံးပြုနေသော ဩဇာတိက္ကမကြီးသည့် မြေသိမ်းယူသူများကို ဟန့်တားနိုင်မည့် အခွင့်အရေး အလွန်နည်းပါသည်။

လယ်သမားများက မြေများ ပြန်လည်ရရှိရေးအတွက် စတင်ကြိုးပမ်းသည့်အခါမှသာ မြေသိမ်းယူသူများက မြေကို စတ င်အသုံးပြုကြသည့်အမှုများလည်းရှိသည်။ မြေသိမ်းယူထားသူအချို့က လယ်ယာမြေများကို အိမ်ရာဆောက်လုပ်ရေးမြေ၊ ငါးမွေးကန် စသည်တို့ကဲ့သို့ အခြားမြေများအဖြစ် ပြောင်းလဲအ သုံးပြုရန် စီမံကြပြီး မြေသိမ်းယူထားသူအများအပြားကမူ သိမ်းယူထားသည့်မြေများကို အခြားလယ်သမားများနှင့် သီးစားလုပ်ကိုင် သူများသို့ ရောင်းချခြင်း၊ လွှဲပြောင်းခြင်းနှင့် သီးစားချထားခြင်း တို့ကို ပြုလုပ်ကြသည်။ တ ပ်သိမ်းဆည်းမြေမှ အတော်များများတွင် မည်သည့်လုံခြုံရေးရည်ရွယ်ချက်အတွက်မှ အသုံးမပြုသည့်မြေများလည်းရှိသည်။ ထိုအစား တပ်မိသားစုဝင်များက စိုက်ရေးပျိုးရေးအတွက် အသုံးပြုကြသည်။ စစ်မှုထမ်းဟောင်း အိမ်ရာဆောက်လုပ်ရေးအတွက် အသုံးပြုသည်။ က ျွန်းသစ်စိုက်ပျိုးခြင်း၊ ဈေးဆိုင်ခန်းနှင့် နေအိမ်များ ဆောက်လုပ်ခြင်းကဲ့သို့ စီးပွားဖြစ် ရည်ရွယ်ချက်အတွက်ပင် အ သုံးပြုခြင်းကိုလည်း တွေ့ရှိရသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် တပ်မှ မြေသိမ်းယူပြီး မူလ လယ်သမားများကိုပင် စီးပွားဖြစ်သီးနှံစိုက်ပျိုး စေခဲ့သော်လည်း ယခုအခါ အဆိုပါမြေကို တောင်သူများတရားဝင် ပြန်လည်တောင်းဆိုကြသောအခါတွင်မူ "လုံခြုံရေးအတွက်" ဟူသော အကြောင်းပြချက်ပေးကာ မြေကို ပြန်လည်စွန့်လွှတ်ခြင်းမရှိခဲ့ပေ။ အထူးသဖြင့် တပ်သိမ်းမြေမှုတစ်ခုတွင် သိမ်းဆည်း မြေပေါ်တွင် တပ်ကကျွန်းပင်များစိုက်ပျိုးထားရာ တောင်သူများက မြေယာပြန်လည်တောင်းဆိုမှုများပြုကြသောအခ ါအ ဆိုပါလယ်သမားများပိုင်မြေပေါ်တွင် ပေါက်ရောက်နေ သော သစ်ပင်များ၏တန်ဖိုးကို လယ်သမားများအား လျော်ကြေးပြန်လည် ပေးစေလိုသည့် အခြေအနေ မျိုး လည်း ကြုံခဲ့ရဖူးသည်။ ထို့အကြောင်းများကြောင့် တွေ့ဆုံမေးမြန်းသည့် ရပ်ရွာလူထုများက သိမ်းဆည်း မြေများနှင့်ပတ်သက်၍ အများပြည်သူအကျိုးအတွက် သိမ်းဆည်းအသုံးပြုခြင်းမျိုး မတွေ့ရှိရဟု ဆိုကြသည်။


မြေသိမ်းယူထားသူများသည် "မြေများပြန်လည်ပေးအပ်မည်မဟုတ်"ဟု ပြန်ကြားရန်အတွက် လ က်ရှိဖြေရှင်းရေးစနစ်ကို အလွယ်တကူ အသုံးချ၍ ဆုံးဖြတ်နေကြသော်လည်း မူလပိုင်ရှင် လယ်သမားများအတွက် လုံလောက်သည့် လျော်ကြေးပေးရေးနှင့် စပ်လျဉ်းသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်အတွက်မူ စိတ်ဆန္ဒမရှိကြပေ။

Namati ၏ အမှုတွဲအချက်အလက်များအရ ဖြေရှင်းပေးခဲ့သည့် အမှုတွဲအများစု - ဖြေရှင်းပြီးသည့်အမှုစုစုပေါင်း(၁၄၅)မှု၏ ၈၆% တွင် မြေပြန်လည်ရရှိခြင်းဖြင့် ဖြေရှင်းနိုင်ခဲ့သည်။ သို့သော် သိမ်းဆည်းထားသည့် မြေအားလုံး ပြန်လည်ရရှိခြင်းမျိုးနည်းပါးပြီး အစားထိုးမြေများ ပြန်ပေးခြင်းမျိုးလည်း ပါဝ င်သည်။ အမှုအားလုံးအနက် ၁၁%

သာလျော်ကြေးငွေရရှိခြင်းဖြင့် ဖြေရှင်းနိုင်ခဲ့သည်။ မဖြေရှင်းနိုင် သေးသ ည့် အမှုတွဲပေါင်း (၅၀၇)မှုအနက် အများအပြားကို မြေသိမ်းသူဘက်ကမှု ပိတ်သိမ်းပြီးအမှု ဖြစ်နေသည်ကိုလည်း သတိပြုရန် အရေးကြီးပါသည်။ အဆိုပါအမှုများတွင် မြေသိမ်းသူများကမြေကိုမစွန့်နိုင်ဟုဆိုကာ အမှုကိုပိတ် သိမ်းလိုက်သော်လည်း မည်သည့်လျော်ကြေးမှမရရှိသည့် လယ်သမားများအတွက်မူ အမှုသည်မပိတ်သိမ်း သေးသည့်အမှုအဖြစ်သာ ရှိနေပါသည်။ (Namati ၏ အချက်အလက်များသည် မြေသိမ်းယူသူဘက်မှ အမြင်ကို မဟုတ်ဘဲ လယ်သမားများ၏ အမြင်ရှုထောင့်မှသာ တင်ပြထားပါသည်။)

**ဖြေရှင်းပြီးအမှုများတွင် ရရှိသော ကုစားမှုများ**

၂၀၁၄ မှ အောင်မြင်ခဲ့သော အမှု ၁၄၅ မှုကို အခြေခံသည်။




မြေသိမ်းယူသူက လျော်ကြေးမပေးနိုင်သော်လည်း မြေကိုဆက်သိမ်းထားမည် သို့မဟုတ် နီးစပ်ရာ အခြားဌာန သို့ လွှဲပြောင်းမည်ဟု တစ်ခုခု ဆုံးဖြတ်ပြီးနောက်တွင် ၄င်းတို့ထဲမှ အ မှုအနည်းငယ်ကိုသာ ဖြေရှင်းနိုင်သည့် အကြောင်းအရင်း နှစ်ချက်ရှိသည်ဟု ဥပဒေအထောက်အကူပြုသူများက စဉ်းစားသုံးသပ်ကြသည်။

တစ်ချက်မှာ မြေသိမ်းယူသူများသည် ဈေးကွက်ပေါက်ဈေးအတိုင်း လျော်ကြေးမပေးနိုင်ခြင်း သို့မဟုတ် ပေးလိုစိတ်မရှိခြင်း ဖြစ်ပြီး ဒုတိယ အချက်မှာမူ ခရိုင်အဆင့်နှင့် တိုင်းဒေသကြီးအဆင့် ပြန်လည်စိစစ်ရေးကော်မတီများ၏ လုပ်ဆောင်ချက်အားနည်းခြင်းများကြောင့်ဖြစ်သည့်အပြင် မြေသိမ်းသူများက လျော်ကြေးပေးခြင်းမရှိဘဲ မြေ

ဆက်သိမ်းထားရန်တင်းခံနေမှုကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရက ထိုအခြေအနေအတိုင်း ဆက်လက်ခွ င့် ပြုထားခြင်းကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် -

အမှုတွဲ(၁) - ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ရွာတစ်ရွာလုံး၏ မြေထက်ဝက်နီးပါးခန့်ကို သိမ်းယူထားသည့် မြေသိမ်းမှုကြီးတစ်ခုရှိသည်။ အဆိုပါသိမ်းဆည်းမြေကို အချိန်ကြာမြင့်စွာအသုံးမပြုသဖြင့် အကြီးအကျယ် တောထနေသည်။ မြေသိမ်းယူမှု နောက်ကွယ်တွင်ရှိနေသူမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့၏ ယခင် တပ်မှူးတစ်ဦးဖြစ်ပြီး ယခုအခါ နယ်ခြားစောင့်တပ်မှူးအဖြစ် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသူဖြစ်သည်။ Namati မှ တွေ့ဆုံဆွေးနွေးခဲ့သည့် ဒေသခံတာဝ န်ရှိသူများအားလုံးက မြေသိမ်းယူမှုကို သိထားကြသည်။ သို့သော် မြေသိမ်းယူထားသူကို မြေပြ န်ပေးရန် သို့မဟုတ် လျော်ကြေးပေးရန် တိုက်တွန်းနိုင်ခြင်းမရှိကြောင်း ဝန်ခံခဲ့ကြသည်။ ထိုသို့သော အခြေအနေမျိုးအတွက် ပေါ်ပေါက်လာသော မေးခွန်းများမှာ - မတရားမှု၏ အကျိုးဆက်များကို အဘယ်ကြောင့်ဒေသခံပြည်သူများကသာ ခံစားနေကြရသနည်း။ အစိုးရအနေဖြင့်လည်း လျော်ကြေးပေးရေးအတွက် မည်သည့်အတွက်ကြောင့် မဆောင်ရွက်ပေးနိုင်သနည်း။ အင်အားနည်းသူအပေါ် ဆိုးကျိုးများ ကျရောက်နေသည်ကို ခွင့်ပြုထားခြင်းထက် အစိုးရမှ လျော်ကြေးကိုပေးအပ်ခြင်းဖြင့် တာဝန်ယူကာ အစိုးရကသာ အဆိုပါလျော်ကြေးကို မြေသိမ်းသူထံမှ တာဝန်ယူ တောင်းဆိုရန် ကြိုးပမ်းမှုမျိုး အဘယ့်ကြောင့် မဆောင်ရွက်သနည်းဟူသည့် မေးခွန်းများပင်ဖြစ်သည်။

အမှုတွဲ(၂) - ပဲခူးတိုင်းဒေသကြီးတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက လယ်သမား များထံမှ မြေများသိမ်းယူ ထားသည်။ သို့သော် လယ်သမားများထံသို့ အသုံးမပြုဖြစ်သည့်မြေများ ပြန်ပေးခြင်း သို့ မဟုတ် လျော်ကြေး ပေးခြင်းတို့မရှိပေ။ ထိုအစား လယ်သမားများအား ယခင်ကထိုမြေကိုအသုံးပြုခဲ့ကြောင်း အထောက်အထားများ တင်ပြရန်နှင့် "မူလမြေယာအငြင်းပွားမှု" အဖြစ်သာ အမှုဖွင့်လှစ်ရန် စေခိုင်းလာသည်။ ထိုကဲ့သို့သောအမှုမျိုး ကိုလည်း စိုက်ပျိုးရေးဝန်ကြီးဌာနအောက်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ကသာ ကိုင်တွယ်ဆောင်ရွက်မည် ဖြစ်သည်။ ထိုသို့ အမှုဖွင့်လှစ်ပါကလည်း ဤအခြေအနေကို မြေသိမ်းဆည်းမှုအဖြစ် သတ်မှတ်တော့မည်မဟုတ်ဘဲ လယ်သမားများနှင့် ဝန်ကြီးဌာနတို့အကြား ပိုင်ဆိုင်မှုအငြင်းပွားခြင်းအဖြစ်သာ ခရီးဆက်ကြတော့မည်ဖြစ်သည်။ ထို့ အပြင် အထောက်အထားစာရွက်စာတမ်းများဆိုသည်မှာလည်း ဝန်ကြီး ဌာနကသာ ထုတ်ပေးရမည် ဖြစ်သောကြောင့် တောင်သူများအတွက် သတင်းအချက်အလက်ရရှိမှုအခွင့်အရေး ဆုံးရှုံးနေရဆဲဖြစ်သည်။

အမှုတွဲ(၃) - မကွေးတိုင်းဒေသကြီးအတွင်းရှိ တပ်သိမ်းဆည်းမြေမှုတွင် တောင်သူများသည် လုပ်ငန်းစဉ်အဆင့်ပေါင်းများစွာ ဖြတ်သန်းကျော်ဖြတ်ပြီး နောက်ဆုံးတွင် မြေသိမ်းယူထား သူက မြေပြန်လည် ပေးမည်မဟုတ်သလို လျော်ကြေးလည်းပေးမည်မဟုတ်ကြောင်း ပြန်ကြားခဲ့သည်။ အကြောင်းမှာ မြေသိမ်းယူ စဉ်ကတည်းက လျော်ကြေးပေးထားပြီးဖြစ်သည့်အတွက်ကြောင့်ဟုဆိုသည်။ စင်စစ် လယ်သမား များသည် အတင်း အကျပ်ဖိအားပေးသဖြင့် ယင်းတို့ဆန္ဒမပါဘဲ နည်းပါးသည့်လျော်ကြေးငွေကိုသာ လက်ခံခဲ့ရပြီး တပ်မှ ထုတ်ပေးသည့် စာရွက်ပေါ်တွင် လ က်မှတ်ရေးထိုးခဲ့ရခြင်းဖြစ်သည်။ ထိုအ ချိန်က နိုင်ငံတစ်ခုလုံးကို အရပ်သား အစိုးမဟုတ်သည့်စနစ်ဖြင့် အုပ်ချုပ်မှုအောက်တွင်ရှိနေခဲ့ကြသ ည့်အတွက် လယ်သမားအားလုံးမှာ လွတ်လပ် စွာငြင်းဆိုခွင့် မရှိခဲ့ကြပါ။

ပေးရမည့်လျော်ကြေးငွေပမာဏအပေါ် အချိန်ဆွဲဆွေးနွေးနေမှုများကြောင့် အမှုအခင်း ဖြေရှင်းပေးနိုင်မှုများ အကြီးအကျယ်နှောင့်နှေးလျက်ရှိသည်။ လျော်ကြေးငွေကို ဈေးကွက်ပေါက်ဈေးဖြင့်ပေးရန် ဥပဒေတွင် ရှင်းလင်းစွာ ပြဌာန်းထားပြီးဖြစ်ရာ ထိုသို့နှောင့်နှေးကြန့်ကြာမှုများ မဖြစ်သင့်ပေ။ ဈေးကွက်ပေါက်ဈေးဖြင့်ညီမျှ သည့် လျော်ကြေးပေးချေရမည့်အပြင် ပြောင်းရွှေ့ မှုအတွက် ကုန်ကျစရိတ်များကိုလည်း ပေးရမည်ဖြစ်သည်။ မြေသိမ်းခံရသည့်လယ်သမားအများစုက ဈေးကွက်ပေါက်ဈေးနှင့်ညီ မျှသည့် လျော်ကြေးငွေများပေးပါကလည်း ၄င်းတို့၏ မြေသိမ်းခံရမှုကို လက်ခံကျေနပ်ကြမည့် သဘောရှိပါသည်။
မြေသိမ်းယူထားသူအများစုသည် ဈေးကွက်ပေါက်ဈေးအတိုင်း ပေးလိုခြင်းမရှိပေ။ မြေသိမ်းအမှု များစွာတွင်
မြေသိမ်းသူ အများစုအနေဖြင့် လျော်ကြေးပေးရန် ရွေးချယ်မည်ဆိုပါက မြေယာလျော်ကြေးပေးနိုင်စွမ်းရှိကြသူများဖြစ်သည်။ မကွေးတိုင်း ဒေသကြီးရှိ ပညာရေးဝန်ကြီးဌာနမှ မြေသိမ်းထားသည့်အမှုတစ်ခုတွင် တိုင်းဒေသကြီးကော်မတီသည် လယ်သ မားများအား လျော်ကြေးပေးရန် ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် ပေးမည့်လျော်ကြေးငွေမှာ လက်ရှိဈေးကွက်ပေါက် ဈေးအောက် များစွာနိမ့်နေသဖြင့် လယ်သမားများက လက်ခံခဲ့ခြင်းမရှိပေ။

ပြန်လည်စိစစ်ရေးကော်မတီများနှင့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ လုပ်ငန်း ဆောင်ရွက်မှုအားနည်းချက်များကလည်း အမှုတွဲဖြေရှင်းမှုပမာဏ ကျဆင်းလာရခြင်းအတွက် အရေးပါသည့်

အချက် တစ်ခုဖြစ်သည်။ ပြန်လည်စွန့်လွှတ်ခြင်းမရှိသည့်မြေများအတွက် လျော်ကြေးငွေပေးခြင်းနှင့် သက်ဆိုင် သည့် စ ည်းကမ်းသတ်မှတ်ချက်များ[5] ရှိသည်။ ခရိုင်ကော်မတီရှိ အရပ်ဖက် ကိုယ်စားလှယ်၏ အဆိုအရ အစိုးရ သို့မဟုတ် ဝန်ကြီးဌာနများ၏ လျော်ကြေးပေးသည့်လုပ်ငန်းစဉ်ကို ပြည်နယ် သို့မဟုတ် တိုင်းဒေသ ကြီးအစိုးရ၏ ရံပုံငွေကို အသုံးပြုဆောင်ရွက်ရန် ဖော်ပြထားသည်။ လုပ်ငန်းစဉ်အကောင်အထည်ဖော်မှုကို ပြည်နယ်/ တိုင်းဒေသကြီးအစိုးရ၏ ဦးဆောင်မှုအောက်တွင် ခရိုင်ပြန်လည်စိစစ်ရေးကော်မတီ၏ ပံ့ပိုးကူညီမှုဖြင့် ခရိုင်အ ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(GAD)က ဆောင်ရွက်ရန် ဖြစ်သည်။

ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး အစိုးရနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးတို့သည် ဈေးကွ က်ပေါက် ဈေးအား မှန်မှန်ကန်ကန်ဖြစ်စေရန် ဆောင်ရွက်ပေးသင့်သည်။ ထို့အပြင် အဆိုပါလုပ်ငန်းစဉ်တွင် လယ်သမား များကိုလည်း ပါဝင်စေသင့်သည်။ မည်သို့ပင်ဆိုစေ ဥပဒေ အထောက်အကူပြုသူများနှင့် လယ်သမားများ အဆိုအရ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများနှင့် ခရိုင်အဆ င့် တာဝန်ရှိသူများ၏ လုပ်ဆောင်ချက်မှာ ကျေနပ်အားရဖွယ်မရှိဟု သိရသည်။ ဥ ပဒေအထောက်အကူပြုသူများက တိုင်းဒေသကြီးအဆင့် တာဝ န် ရှိပုဂ္ဂိုလ်များသည် သိမ်းဆည်းမြေများ ပြန်လည်ပေးအပ်ရေးအတွက် ထိထိရောက်ရောက် လုပ်ဆောင်ခြင်းမရှိ ဟု ယူဆ ကြသ ည်။ ထို့ကြောင့်လည်း ပြည်နယ်နှင့်တိုင်းဒေသကြီး ကော်မတီများသည် အမှုများကိုင်တွယ်ဖြေ ရှင်းရာတွင် အားနည်းချက်များ ကြီးကြီးမားမားရှိနေကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကပင် မှတ်ချက်ပြုရ သည်အထိ ဖြစ်ခဲ့သည်။[6]

ခရိုင်အဆင့် ပြန်လည်စိစစ်ရေးကော်မတီမှ အရပ်ဖက်အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးက မြေသိမ်း ဆည်းခံရသူများကို လျော်ကြေးပေးရန်အတွက် တိုင်းဒေသ ကြီးအစိုးရအဖွဲ့မှ ဘတ်ဂျက်ခွဲဝေချထားပေး ခဲ့ကြောင်း မည်သည့်တိုင်းနှင့်ပြည်နယ်တွင်မျှ မကြားမိသေးဟုဖွင့်ဟခဲ့သည်။ ဥပဒေအထောက်အကူပြုသူများ နှင့် လယ်သမားများအဆိုအရ သိမ်းဆည်းခံမြေများကိုမစွန့်လွှတ်နိုင်ပါကြောင်း ဆုံးဖြတ်သည့်အမှုများတွင် အဆိုပါမြေများအ တွက် လျော်ကြေးပေးအပ်ခြင်းမျိုး မတွေ့ရဟု ဆိုကြသည်။

## ၃.၄။ လက်ရှိဖြေရှင်းရေးစနစ်တွင် ချမှတ်ထားသည့်ဆုံးဖြတ်ချက်များ အကောင်အ ထည်ဖော်နိုင်ရေးအတွက် လုပ်ပိုင်ခွင့်အာဏာ မရှိပေ။

---

[5] "နိုင်ငံတော်မှ သိမ်းဆည်းခဲ့သည့် လယ်ယာမြေနှင့် အခြားမြေများ၏ မူလပိုင်ရှင် လယ်သမားများ၏ လျှောက်ထားမှုနှင့်စပ်လျဉ်းသည့် မူဝါဒ (၁၀)" ၏ စည်းမျဉ်းအမှတ် (၂) နှင့်(၇) နှင့် "ပြန်လည်စွန့်လွှတ်ခြင်းမရှိသည့်မြေများ စိစစ်ရေးအတွက် မူဝါဒငါးရပ်"၏ စည်းမျဉ်း-၃ စသည်ဖြင့်။ စည်းမျဉ်းများကို လိုက်နာရန် ကော်မတီများကို တာဝန်အပ်နှင်းသည်။

[6] "The State Counsellor Urged To Return The Land As Soon As Possible", 28 June 2019, Radio Free Asia

၂၀၁၂ ခုနှစ်မှ ၂ ၀၁၆ ခုနှစ်အစောပိုင်းကာလအထိ လည်ပတ်ခဲ့သော ယခင်စနစ်တွင် စုံစမ်းစစ်ဆေး ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတာဝန်နှင့် ဆုံးဖြတ်ချက်များ အကော င်အထည်ဖော်ရေးတာဝန်တာဝန်တို့ကို သီးခြားအဖွဲ့နှစ်ဖွဲ့ဖြင့် ဆောင်ရွက်ခဲ့သည်။ ပထမအဖွဲ့ကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့ စည်းထားပြီး ဒုတိယ အဖွဲ့ကို တပ်မတော်အဆင့်မြင့်အရာရှိများအပါအဝင် အစိုးရတာဝန်ရှိသူများနှင့်ဖွဲ့စည်းထားသည်။ ဗဟိုကော်မတီကို ဗိုလ်ချုပ်ကြီးဟောင်းဖြစ်သူ ဒုတိယသမ္မတ (၁) က ဦးဆောင်ခဲ့သည်။ ၂၀၁၆ ခုနှစ် နှစ်လယ်မှ စတင်သည့် လက်ရှိစနစ်တွင်မူ အ ရပ်ဖက်အဖွဲ့အစည်းများနှင့် လယ်သမားများ၏ ကိုယ်စားလှယ်များအပါအဝင် သက်ဆိုင်သူအားလုံးထည့်သွင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုတည်းကိုသာ တာဝန်နှစ်မျိုးလုံးအပ်နှင်း ထားသည်။ သို့ရာတွင်ဗဟိုအဆင့်တွင်မူ တောင်သူနှင့်အရပ်ဖက်ကိုယ်စားလှယ်များ ပါဝင်ခြင်းမရှိပေ။ ဗဟို ကော်မတီကို အရပ်သားတစ်ဦးဖြစ်သည့် ဒုတိယသမ္မတ (၂) က ဦးဆောင်သည်။

မည်သို့ဆိုစေ Namati စီမံကိန်းတွင်ပါဝင်သော ဥပဒေအကြံပေးများ၊ ဥပဒေအထောက်အကူပြု သူများနှင့် အနီးကပ်ဆောင် ရွက်နေသည့် မိတ်ဖက်အဖွဲ့အစည်းများမှ ခေါင်းဆောင်များက ထပ်တလဲလဲ ထောက်ပြနေသည့်အချက်မှာ လက်ရှိဖြေရှင်းရေးစနစ်ယန္တရားတွင် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ပေးနိုင်ရေးအတွက် လုပ်ပိုင်ခွင့်အာဏာမရှိခြင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ထွေ/အုပ်ကဲ့သို့သော အဖွဲ့အစည်း မျိုးကို အ လွန်အမင်း မှီခိုနေရခြင်းတို့ဖြစ်သည်။ သို့ဖြစ်၍ ပြန်လည်စိစစ်ရေးကော်မတီများက အကြံပြုချက် များချမှတ်သမျှသည် အကောင်အထည်ပေါ်အောင် ဆက်လက်ဆောင်ရွက်နိုင်ခြင်း အားနည်းလျက်ရှိသည်။ ယင်းအခြေအနေကို အောင်မြင်စွာဖြေရှင်းနိုင်ခဲ့သည့်အမှုများတွင် အရေးပါဆုံးအ ချက်အဖြစ် မြင်တွေ့ရသည်။ ထို့အပြင် ကော်မတီများအနေဖြင့်လည်း အမှုများနှင့်ပတ်သက်၍ ခိုင်မာသည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်း မရှိမှုအပေါ် ယင်းတို့၏ လုပ်ပိုင်ခွင့် ကင်းမဲ့မှုကို ကောင်းစွာသတိပြုမိကြသည်။ ၎င်းတို့အနေဖြင့် ရဲရဲဝံ့ဝံ့မ လုပ်နိုင်သည့်အတွက်ကြောင့်ဖြစ်နိုင်သကဲ့သို့ ဆုံးဖြတ်ချက်များ သို့မဟုတ် အကြံပြုချက်များ အကောင်အ ထ ည်မဖော်နိုင် သို့မ ဟုတ် အကောင်အထည်ပေါ် လာမည်မဟုတ်ဆိုသည်ကို သိနေသည့်အတွက်ကြောင့် လည်း ဖြစ်နိုင်သည်။ ထို့ကြောင့်လည်း ဗဟိုကော်မတီသို့ ရောက်ရှိသွားကြသည့် အမှုအများစုမှာ နှစ်ရှည်လ များ နှောင့်နှေးကြန့်ကြာခြင်း၊ ပြန်ကြားချက်မရရှိခြင်းတို့သည် ဤအချက်ကြောင့်ပင်ဖြစ်မည်ဟု ယူဆရသည်။

မြို့နယ်၊ ခရိုင်နှင့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့်တွင် ကြန့်ကြာနေသည့်အခါတွင် လယ်သမားများအတွက်မလွယ်ကူသည်မှန်သော်ငြား အနည်းဆုံးအနေဖြင့် အမှုရှေ့ဆက်သွားနိုင်ရန် လိုအပ်သောသတင်း အချက်အလက်များရရှိနိုင်သေးသည်။ ဗဟိုကော်မတီသို့ အမှုတွဲများရောက်ရှိသွားသည့်အခါတွင်မူ ဥပဒေအ ထောက်အကူပြုသူများနှင့် လယ်သမားများအဖို့ ထိုအဆင့်အထိသွားရောက်ရန် သို့မဟုတ် မိမိတို့အမှု မည်သို့ အခြေအနေရှိသည်ကို စုံစမ်းသိရှိနိုင်ရန် မစွမ်းနိုင်တော့ပေ။

ဗဟိုကော်မတီထံတွင် အမှုတွဲပေါင်းများစွာ သောင်တင်နေဆဲဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ မြေသိမ်းယူထားသူများမှ အကြောင်းမပြန်ကြဘဲကြန့်ကြာနေခြင်းနှင့် ဗဟိုကော်မတီ၏စွမ်းဆောင်ရည် မထိရောက်ခြင်း တို့ကြောင့် ဗဟိုကော်မတီတွင် အမှုများကြန့်ကြာနေခြင်းဖြစ်သည်ဟု ယူဆရသ ည်။ ထို့ကြောင့်လည်း မြေသိမ်းမှုအများစုအနေနှင့် ဗဟိုကော်မတီသည် ဝန်ကြီးဌာနပေါင်းစုံပါဝင်သော ဝန်းကြီးအဆင့်အစည်း အဝေးများ စီစ ဥ်ပြုလုပ်ပြီး ယင်းအစည်းအဝေးမှာပင် ဆုံးဖြတ်ချက်များ ချမှတ်သင့်ကြောင်းလည်း အကြံပြုထား သည်။ အဆိုပါအစည်းအဝေးများကိုသာကျင်းပနိုင်မည်ဆိုပါက အနည်းဆုံးအနေဖြင့် လယ်သမားများအား ၎င်းတို့မြေများမှာ အ သိမ်းခံခဲ့ရခြင်း ဟုတ်/မဟုတ်နှင့် အသိမ်းခံခဲ့ရသည်ဆိုပါကလည်း မြေပြန်ပေးမည် သို့မ ဟုတ် လျော်ကြေးပေးမည်ကို ရှင်းရှင်းလင်းလင်း အသိပေးနိုင်မည်ဖြစ်သည်။

ဗဟိုကော်မတီ၏ အားနည်းချက်ကို ပြည်နယ်/တိုင်းဒေသကြီး ကော်မတီများ၏ပြန်ကြားချက်များမှ တဆင့်မြင်တွေ့နိုင်သည်။ ဥပဒေအထောက်အကူပြုသူများထံသို့ အလွတ်သဘော ပြောကြားချက်မ ျားတွင် ဗဟိုမှ မည်သည့်ပြန်ကြားချက်မှ မရရှိသေးသည့်အတွက် ဆက်လက်ဆောင်ရွက်ရန် မဖြ စ်နိုင်သေးကြောင်း အသိပေးခြင်းမျိုး ဖြစ်သည်။ ဗဟိုကော်မတီကလည်း အောက်ခြေကော်မတီများသို့ တုန့်ပြ န်မှုပြုလုပ်ခဲ့ခြင်း မရှိသကဲ့သို့ ယင်းတို့၏ လုပ်ဆောင်ချက်များအား စောင့်ကြည့်ခြင်း သို့မဟုတ် လမ်းညွှန်ခြင်းတို့ ကိုလည်း ပြုလုပ်ခဲ့ခြင်းမရှိပေ။ ထိုအခြေအနေအားလုံးက အမှုကိုနောက်ဆုံးအဆင့်ထိရောက်ရှိသွားအောင် အချိန်နှင့် အားထုတ်မှုများစွာ ပြုလုပ်ခဲ့ရသ ည့်ဥပဒေ အထောက်အကူပြုသူများနှင့် လယ်သမားများကို လချီနှစ်ချီ စောင့်ဆိုင်းရသည့် အခြေအနေသို့ဆိုက်ရောက်စေခဲ့သည်။ ဗဟိုကော်မတီသည် အောက်ခြေအဆင့် ကော်မတီ များအတွက် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များအား လိုက်နာလာစေရန်အ တွက်ကိုလည်း လုပ်ဆောင်နိုင်စွမ်း မရှိသ ည်ကို တွေ့ရှိရသည်။ ၂၀၁၈ မေလတွင် ပြည်နယ် နှင့် တိုင်းဒေသကြီး ကော်မတီများ ထိထိရောက်ရောက် လုပ်ဆောင်ရန်နှင့် ပျက်ကွက်သူများကို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်

တွန်းအားပေးမှုများအပါအဝင် စည်းမျဉ်းစည်းကမ်းအချို့ ပြင်ဆင်ခဲ့သည်။ သို့ရာတွင် Namati နှင့် မိတ်ဖက်အဖွဲ့ အစည်းများအနေဖြင့် ထိုကဲ့သို့ဖြေရှင်းရေးလုပ်ငန်းစဉ်များ မှန်မှန်ကန်ကန် လုပ်ဆောင်ရန် ပျက်ကွက်ခြင်း အတွက် တစ်စုံတစ်ယောက်အပေါ် အရေးယူခြင်းမျိုး ကြားသိရခြင်းမရှိသေးပေ။

## ၃.၅။

## အစိုးရအနေဖြင့် မြေသိမ်းမှုများအားဖြေရှင်းရန် ဆန္ဒရှိသော်လည်း မြေသိမ်းယူသူ များ အထူးသဖြင့် တပ်မတော်မြေသိမ်းမှုများတွင် မြေပြန်စွန့်လွှတ်ရန်ဆန္ဒမရှိကြောင်း တွေ့ရှိရသည်။

တပ်မတော်အစိုးရသည် ၂ ၀၁၀ ခုနှစ် မတိုင်မီ မြေသိမ်းဆည်းမှုများအတွက် ကျယ်ကျယ်ပြန့်ပြန့် တာဝန်ရှိခဲ့သော်လည်း တကယ့်အဖြစ်မှာ တပ်မတော်သားများဖြင့်ဖွဲ့စည်းထားသည့် USDP ပါတီက အစိုးရအဖွဲ့ (၂၀၁၀-၂၀၁၅)ကို ဖွဲ့စည်းခဲ့ပြီး အဆိုပါမြေသိမ်းမှုကိစ္စရပ်များ ဖြေရှင်းရေးအတွက် စီမံချက်စတင်ရေးဆွဲခဲ့ သည်။ လက်ရှိ NLD အစိုးအရ(၂၀၁၆ ခုနှစ်မှ) က မြေသိမ်းယူမှုကြောင့် ထိခိုက်ခံစားရသူများအတွက် တရားမျှ တမှုရှိစေရန်နှင့် ဖြေရှင်းပေးရန် ယင်း၏ခိုင်မာသော နိုင်ငံရေးဆန္ဒကို ထုတ်ပြန်ကြေညာခဲ့သည်။ သို့ပါသော် လည်း သြဇာကြီးမားသည့် မြေသိမ်းသူများက မြေများကို ဆက်လက်ထိန်းထားနိုင်ရေးအတွက် အခိုင် အမာခု ခံကာကွယ်နေကြသည်။ ၂ ၀၁၃ ခုနှစ်မှစ၍ ရပ်ရွာအခြေပြု ဥ ပဒေအထောက်အကူပြုသူများက ဖွင့်လှစ်ပေး ခဲ့သ ည့် အမှုပေါင်း(၆၅၂)မှုအနက် အဓိကမြေသိမ်းယူသူများမှာ တပ်မတော် (တပ်မတော်၊ ပြည်ထဲရေးဝန်ကြီး ဌာနနှင့် တပ်ပိုင်ကုမ္ပဏီများက ၄၅%)၊ အစိုးရ (ဝန်ကြီးဌာနမျိုးစုံ)၊ စီးပွားလုပ်ငန်း/ကုမ္ပဏီများနှင့် သြဇာတိက္ကမ ကြီးမားသည့် ပုဂ္ဂိုလ်များဖြစ်ကြသည်။

မြေသိမ်းယူသူ အမျိုးအစားအလိုက် အမှုအရေအတွက် (n=652)

| မြေသိမ်းသူအမျိုးအစား | အမှုတွဲ % |
|---|---|
| တပ်မတော် | ၃၅% |


| | |
|---|---|
| အစိုးရ (ပြည်ထဲရေးဝန်ကြီးဌာနမပါ) | ၂၇% |
| ကုမ္ပဏီများ (တပ်ပိုင် စီးပွားရေးလုပ်ငန်းများ မပါ) | ၁၁% |
| အစိုးရ (ပြည်ထဲရေးဝန်ကြီးဌာန - တပ်မှ ထိန်းချုပ်ထားသည့်ဝန်ကြီးဌာန) | ၉% |
| ဩဇာတိက္ကမကြီးမားသူများ | ၅% |
| တပ်နှင့် ဆက်နွယ်သည့် ကုမ္ပဏီ/စီးပွားရေးလုပ်ငန်းများ | ၁% |


၂၀၁၃ ခုနှစ်မှ ယခုအထိ ရပ်ရွာဥပဒေအထောက်အကူပြုသူများနှင့် လယ်သမားများသည် မိမိတို့မြေများ ပြန်လည်ရရှိရေးနှင့် ့အ သက်မွေးဝမ်းကျောင်းအလုပ်များ ထပ်မံလုပ်ကိုင်နိုင်ရေးအတွက် အပြင်း အထန် ကြိုးပမ်းလျက်ရှိသည်။ သို့ရာတွင် ဖြေရှင်းပေးနိုင်သည့် ပမာဏမှာ ၂၂% တွင်သာ တန့်နေသည်။ ဖြေရှင်းပြီးခဲ့သည့် အမှုအားလုံးအနက် အများစုမှာ ယခင် အစိုးရလက်ထက်တွင် ဖြစ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဧပြီလမတိုင်မီအထိ (၈၉)မှု ဖြေရှင်းပေးခဲ့သည်။ ထို့နောက်ပိုင်းတွင်မူ ၂၀၁၉ ခုနှစ် မတ်လကုန်အထိ (၅၆)မှုသာ ဖြေရှင်းပေးနိုင်ခဲ့သည်ကို တွေ့ရှိရသည်။

မြေသိမ်းယူသူအမျိုးအစားအလိုက် ဖြေရှင်းနိုင်မှုနှုန်းကို လေ့လာပါက တပ်မြေသိမ်းယူမှုများကို ၃၂% ဖြင့် အများဆုံးဖြေရှင်းပေးခဲ့သည်။ အစိုးရ အဖွဲ့ (ပြည်ထဲရေးဝန်ကြီးဌာနမပါဝင်) မြေသိမ်းမှုများကို ၂၃% ဖြေရှင်းပေးခဲ့သည်။ တပ်နှင့်ပတ်သက်သည့်ကုမ္ပဏီများ၏ မြေသိမ်းမှုများအား ဖြေရှင်းနှုန်းမှာ ၂၂% ဖြစ်ပြီး တပ်နှင့် တိုက်ရိုက်မပတ် သက်သည့်ကုမ္ပဏီများ၏ မြေသိမ်းမှုကို ၁၇% သာ ဖြေရှင်းပေးနိုင်ခဲ့သည်။

| မြေသိမ်းသူအမျိုးအစားအလိုက် ဖြေရှင်းခဲ့ပြီးသော အမှုရာခိုင်နှုန်းနှင့်မြေဧက |
|---|

(၂၀၁၃ ခုနှစ်မှ စဖွင့်ခဲ့သော အမှု စုစုပေါင်း ၆၅၂ မှု ကို အခြေခံသည်။)





အမှုရာခိုင်နှုန်းအားဖြင့် တပ်မြေသိမ်းမှုများအား ဖြေရှင်းနှုန်းအမြင့်ဆုံးဖြစ်သော်လည်း မြေပမာဏ အားဖြင့် နှိုင်းယှဉ်ချက်အရ မြေပမာဏအနည်းငယ်နှင့်သာသက်ဆိုင်ပြီး အစိုးရ(ပြည်ထဲရေးဝန်ကြီးဌာနမပါ) ပြန်လည်ပေးအပ်ခဲ့သည့် မြေကမူ ပမာဏအားဖြင့်များပြားသည်ကို ဧကအလိုက် ဖြေရှင်းမှုနှုန်းပြ ပုံကို လေ့လာ ပါက တွေ့ရှိနိုင်သည်။ သို့ဖြစ်၍ တပ်မှမြေသိမ်းသူအဖြစ် ပတ်သက်နေသည့်အမှုများအနက် ဖြေရှင်းပေးနိုင် ခဲ့သည့်အမှုမှာ ၃၂% ဖြစ်သော်လည်း တပ်မှ သိမ်းယူထားသည်ဟုဆိုသော မြေဧ ကအားလုံး၏ ၆.၆% မျှသာ ရှိသည်။ မြေအများစု ပြန်လည်ပေးအပ်ခဲ့စဉ်က ဖော်ပြပါ နိုင်ငံရေးဆိုင်ရာကာလများ (အောက်တွင်ကြည့်ပါ) အပေါ် ကောက်ချက်ဆွဲနိုင်သည့် အချက်တစ်ချက်မှာ တပ်မှ သိမ်းယူထားသည့် မြေကိစ္စများ ဖြေရှင်းရေးကို သဘောရိုးဖြင့် အလေးအနက်ထားကြိုးစားဖြေရှင်းရမည့်အစား အမြင်ကောင်းစေရန်အတွက် ပို၍အလေးထား လုပ်ဆောင်နေသည့်အချက်ဖြစ်သည်။ သိသာထင်ရှားသည့် ဆန့်ကျင်ဘက်ဖြစ်ရပ်မှာ အစိုးရ(ပြည်ထဲရေး ဝန်ကြီးဌာနမပါ)က မြေသိမ်းသူအဖြစ် ပါဝင်နေပြီး ဖြေရှင်းပေးနိုင်သည့် မြေသိမ်းအမှုများမှာ ၂၃% သာ ဖြစ်သော်လည်း အစိုးရက သိမ်းယူထားသည်ဟုဆိုသော မြေအားလုံး၏ ၇၇% ရှိသည်ကို တွေ့ရှိရသည်။

နှစ်အလိုက်ဖြေရှင်းမှုနှုန်းကို လေ့လာသည့်အခါတွင်လည်း ထင်ရှားသည့်တွေ့ရှိချက်တစ်ခု ထွက်ပေါ် လာသည်။ NLD အစိုးရ အာဏာရယူခဲ့သည့် ၂ ၀၁၆ ခုနှစ် မှစ၍ ဖြေရှင်းပေးနိုင်သည့် အမှုအရေအတွက် တစ်နှစ်ပြီးတစ်နှစ် လျော့နည်းလာ ခဲ့ခြင်းဖြစ်သည်။ စိတ်ဝင်စားဖွယ်အချက်မှာ မြေသိမ်းယူသူအမျိုးအစားအ လိုက် လေ့လာဆန်းစစ်ကြည့်သည့်အခါ တပ်မှမြေသိမ်းမှုများအတွက် ဖြေရှင်းမှုနှုန်းမှာ ယခင်အစိုးရလက်

ထက်တွင်                                    သိသိသာသာမြင့်မားခဲ့ပြီး လက်ရှိအစိုးရလက်ထက်တွင် ကျဆင်းလာခဲ့သည်။ ထိုအချိန်အတွင်း အ        စိုးရက မြေသိမ်းယူထားသည့်အမှုများ ဖြေရှင်းနှုန်းသည် လက်ရှိအစိုးရလက်ထက်တွင် အနည်းငယ် မြင့်တက်လာသည်ကို တွေ့ရှိရသည်။




ဥပဒေအထောက်အကူပြုသူများ၊ အ                                                            ရပ်ဘက်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ် များနှင့် ပြန်လည်စိစစ်ရေးကော်မတီများအကြောင်းဆွေးနွေးရာတွင် အားလျော့ဖွယ်တွေ့ရှိချက်များ ထွက် ပေါ်                        လာခဲ့သည်။ တပ်အနေဖြင့်၂၀၁၅                  ခုနှစ် နိုဝင်ဘာရွေးကောက်ပွဲလုပ်ရှားမှုတွင် ယခင်အစိုးရနှင့် အားတက် သရော                                     ပူးပေါင်းဆောင်ရွက်ခဲ့ပြီး နိုင်ငံရေး အောင်ပန်းဆင်နိုင်ရေးအတွက် အမှုများ            ဖြေရှင်းရေးတွင် အထောက် အကူပေးခဲ့သည်ဟု ယူဆနိုင်သည်။ ယခုအစိုးရလက်ထက်တွင်မူ ထိုသို့ပူးပေါင်းဆောင်ရွက်မှုများ လျော့ကျ သွားခဲ့သည်။

ထို့အတူ  လုပ်ငန်းစဉ်များနှောင့်နှေးကြန့်ကြာသည့် အနေအထားမှ လ    ယ်သမားများနှင့် ထိပ်တိုက် ရင်ဆိုင်သည့်ပုံစံဘက်သို့ပြောင်းလဲလာသည့်အခြေအနေကို 'ပိုင်နက်ကျူးကျော်မှု' ဖြင့် တရားစွဲဆိုခံရသည့် လယ်သမားအရေအတွက်ကို          ကြည့်ခြင်းအားဖြင့် တွေ့မြ          င်နိုင်သည်။ အခြေခံအားဖြင့် လယ်သမားများကို ယင်းတို့ပိုင်ဆိုင်သည့်မြေဟု အများကမှတ်ယူထားသည့် မြေပေါ်သို့ကျော်နင်းဝင်ရောက်မှုဖြင့် တရားစွဲ          ဆိုခြင်းသည် လယ်သမားများအား အချိန်နှင့်ရင်းမြစ်စွမ်းအားများ          ကုန်ဆုံးစေခြင်းဖြင့် တုပ်နှောင်ရန်အတွက်                         မြေသိမ်းယူသူများအသုံးပြုသည့် ရက်စက်သော နည်းလမ်းတစ်ခုသာ ဖြစ်သည်။ မြန်မာနိုင်ငံတွင် မြေပေါ်                                                      သို့ ဝင်ရောက်ကျူးကျော် နေထိုင်ပြီး

ဖယ်ရှားပေးရေးအတွက်ကိစ္စမျိုးရှိသော်လည်း မူလပိုင်ရှင်လယ်သမားများကို ကျော်နင်းမှုအတွက် ရာဇဝတ်မှုဖြင့်တရားစွဲရန် မြေသိမ်းထားသူများက အခွင့်အာဏာနှင့်ဥပဒေ အလွဲသုံး စားလုပ်ပုံမျိုးနှင့်မူလုံးဝ ခြားနားသည်။

တပ်မတော်မှမြေသိမ်းသူများသည် ဗဟိုမြေယာပြန်လည်စိစစ်ရေးကော်မတီက ချမှတ်ထားသည့် မူဂါဒများကို မ ကြာခဏ အ လွဲသုံးစားပြုလေ့ရှိသည်။ ထိုသို့ချမှတ်ထားသည့် မူဂါဒများတွင် တပ်သည် လက်ရှိ မိမိပိုင်မြေနှင့် တဆက်တစပ်တည်း ရှိနေသောမြေများနှင့် လုံခြုံရေးကိစ္စရပ်များအတွက် လက်တွေ့အသုံးပြု လျက်ရှိသောမြေများကိုသာ ဆက်လက်ထိန် းသိမ်းနိုင်ကြောင်း ဖော်ပြထားသ ည်။ တပ်မတော်မြေသိမ်းသူ ဘက်က မကြာခဏပြန်ကြားလေ့ရှိသည်မှာ 'လုံခြုံရေးအရ လိုအပ်သည့်' မြေဟူ၍ဖြစ်ပြီး ယင်းအကြောင်းပြ ချက်ကိုလည်း မည်သည့်အခါမှ ရှင်းလင်းစွာဖွင့်ဆိုခြင်းမရှိပေ။

ရှမ်းပြည်နယ်အရှေ့ပိုင်းမှ အမှုများတွင် သိမ်းဆည်းခဲ့သည့်မြေများနှင့် တပ်ဇရိယာသည် အကွာ အဝေးအားဖြင့် တ စ်နာရီကျော်ခန့် လမ်းလျှောက်ရပြီး ကြားတွင် လယ်ယာမြေများ၊ ဥယျာဉ်ခြံများနှင့် လျှိုများပင် ခြားထားသည်။ သို့သော်လည်း အဆိုပါမြေများကို လုံခြုံရေးအရ ဟူသော အကြောင်းပြချက်ကို ညွှန်းဆို၍ တပ်က မစွန့်လွှတ်ပေ။ သို့ဖြစ်၍ အဆိုပါမြေများကို 'လုံခြုံရေးရည်ရွယ်ချက်အတွက်' လိုအပ်သော မြေအဖြစ် မယူဆသင့်ဘဲ တပ်မတော်က ဖြေရှင်းသွားသင့်သည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းမှ အမှုတစ်မှုတွင် "တပ်မိသားစုများ၏ ရိက္ခာအတွက်" လိုအပ်သောကြောင့် သိမ်းဆည်းထားသည့်မြေများကို ပြန်လည် စွန့်လွှတ်မည်မဟုတ်ကြောင်း ဖော်ပြခြင်းဖြင့် အဆိုပါကိစ္စမျိုးကိုဖွင့်ဟခြင်းမရှိသော်လည်း ဝန်ခံထားသည်ကို တွေ့ရသည်။ အချို့သောအမှုများတွင် လယ်သမားများသည် တပ်၏ခွင့်ပြုချက်ဖြင့် မြေကို လက်ရှိအ သုံးပြုနိုင်သော်လည်း မြေပိုင်ဆိုင်ခွင့်ပေးထားခြင်းမရှိပေ။ ထိုသို့သောအမှုများတွင် လယ် သမား များသည် မြေလုပ်ပိုင်ခွင့် အထောက်အထား တရားဝင်ရရှိရေးကို လုပ်ဆောင်ရန် တွန့်ဆုတ်ကြသည်။ အ ဘယ့်ကြောင့်ဆိုသော် တရာဝင်ရရှိရေးကြိုးပမ်းပါက လက်ရှိရနေသည့် မြေလုပ်ပိုင်ခွင့်ကိုပင် တပ်မှရုတ်သိမ်းမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။ အချို့သောအမှုများတွင် တပ်မှ မြေပြန်လည်စွန့်လွှတ်မည်မဟုတ်သည့်အတွက် လယ်သမားများအဖို့ တစ်ခုတည်းသောရွေးစရ ာလမ်းအဖြစ် ယူဆသည့်အတွက် လျော်ကြေးရရှိရေးအတွက် ညှိနှိုင်းခြင်းများလည်း ရှိကြသည်။

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၃ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့သော အမှုတစ်မှုတွင် မြေသိမ်းယူထားသည့် တ ပ်မှ ပြန်လည်စွန့်လွှတ်ရန် သဘောတူခဲ့သည့်အတွက် လယ်သမားများသည် ယင်းတို့မြေများကို ပြန်လည်အသုံးပြုခွင့်ပင် ရရှိခဲ့ကြပြီဖြစ်သည်။ သို့ ရာတွင် တပ်မှ ထိုမြေများအား စွန့်လွှတ်သည့်စာကို တရားဝင်ထုတ်ပြန်ပေးခဲ့ခြင်းမရှိပေ။ သို့ဖြစ်၍ လယ်သမားများသည် ပုံစံ(၇) လုပ်ငန်းစဉ်အရ မြေယာမှတ်ပုံတင်ရန် လျှောက်ထားခြင်းများ မပြုလုပ်နိုင်ပေ။ ထို့ကြောင့် လယ်သမားများသည် ၂၀၁၆ ခုနှစ်တွင် ပြန်လည်စိစစ်ရေးကော်မတီသို့ တိုင်ကြားစာထပ်မံတင်ပြခဲ့ ကြသည်။ အဆိုပါအမှုတွင် လယ်သမားအားလုံး လိုအပ် နေသည်မှ တ ပ်မှ မြေစွန့်လွှတ်ကြောင်း တရားဝင်ထုတ်ပြန်စာဖြစ်သည်။ သို့သော် အဆိုပါ တရားဝင် ထုတ်ပေးခြင်းမရှိသဖြင့် ယခုထိဖြေရှင်းနိုင်ခြင်း မရှိသေးသဖြင့် လယ်သမားများအတွက် ပိုင်နက်ကျူးကျော်မှုဖြင့် တရားစွဲဆိုခံရနိုင်သော စိုးရိမ်မှုများ ရှိနေကြသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်မှအမှုတစ်မှုတွင် တပ်မတော်က သိမ်းမြေ(၃၉)ဧကကို ၂၀၁၈ ခုနှစ် မတ်လ၌ တရားဝင်ပြန်လည်စွန့်လွှတ်ခဲ့ပြီးဖြစ်၍ လယ်သမားများအား ပြန်လည်ပေးအပ်ရေး တရားဝင်လုပ်ငန်းစဉ်ကိုပင် စ တင်နေပြီဖြစ်သည်။ လယ်သမားများသည် လာမ ည့်စိုက်ပျိုးရာသီအတွက် ကြိုတင်ပြင်ဆင်ရန် မြေများ စတင်ထွန်ယက် လျက်ရှိသည်။ သို့ရာတွင် လယ်သမားများက တရားဝင်မှတ်ပုံ တင်ရေးအတွက် စ တင်လုပ်ဆောင်သည့်အခါ တပ်မှ အဆိုပါမြေများကို လယ်သမားထံ ပြန်လည်ပေးအပ်ရန် စွန့်လွှတ်ခြင်းမဟုတ်ကြောင်းနှင့် အိမ်ရာဆောက်လုပ်ရေးအတွက် စစ်မှုထမ်းဟောင်းအဖွဲ့သို့ လွှဲပြောင်းခြင်းဖြစ် ကြောင်း ကားသိရသည်။ မူရင်းတရားဝင်ထုတ်ပြန်စာတွင် မြေပြန်လည်စွန့်လွှတ်ခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြထားခြင်းမရှိပေ။ (၃၉)ဧကအနက် တချို့တစ်ဝက်ကိုသာ စစ်မှုထမ်းဟောင်းအဖွဲ့အတွက်စွန့်လွှတ်ရန် တပ်မှ ကနဦးမေတ္တာရပ်ခံခြင်းမျိုး ရှိခဲ့သော်လည်း နောက်ပိုင်းတွင်မူ မြေအားလုံးဖြစ်သည်ဟုလည်း ရွာသူရွာသားများ ကြားသိခဲ့ရသည်။ အဆိုပါသတင်း ထွက်ပေါ်လာပြီးနောက် ချက်ချင်းဆိုသလိုပင် ၂၀၁ ၉ ဒီဇင်ဘာလတွင် ဆောက်လုပ်ရေးလုပ်ငန်းများစတင်ရန် ကြိုတင်ပြင်ဆင်မှုအဖြစ် တပ်မှ မြေဖို့ခြင်းများ စတင်ပြုလုပ်ခဲ့သည်။ လ ယ်သမားများအနေဖြင့်လည်း တပ်မှ ယင်းတို့အပေါ် ရာဇဝတ်ကြောင်းဖြင့်တရားစွဲမည် ကို ကြောက်ရွံ့သဖြင့် လာမည့်စိုက်ပျိုးရာသီအတွက် ကြိုတင်ပြင်ဆင်နေမှုများကို ရပ်ဆိုင်းခဲ့ကြသည်။ ရပ်ရွာအခြေပြုဥပဒေအထောက်အကူပြုသူများ အဆိုအရ မြေပြန်လည်စွန့်လွှတ်ရန် သဘောတူခဲ့ပြီးဖြစ်သည့် တပ်မှ မြေသိမ်းယူထားသူများ၏ ဤကဲ့သို့ တောင်သူများနှင့်ထိပ်တိုက်ပြဿနာ ဆောင်ရွက်နည်းမျိုးကို ယခင်က မတွေ့ခဲ့ရ ဟုသိရှိရသည်။

## မကွေးတိုင်းတွင် တပ်မတော်မှ စွန့်လွှတ်ပြီးသည့် သိမ်းဆည်းမြေကို ပြန်လည်ရယူရန် ကြိုးပမ်းနေသည်

ဦးထွန်းလွင်နှင့် တောင်သူ ၆၀ ကျော်ခန့်၏ လယ်ယာမြေများကို တပ်အခြေစိုက်ရန်အတွက် ၁၉၉၀/၁၉၉၁ ခုနှစ်ခန့်တွင် သိမ်းဆည်းခံခဲ့ရသည်။ ပခုက္ကူမြို့နယ် ချောက်ကန်အနောက်ကျေးရွာရှိ မြေဧက ရာချီ သိမ်းဆည်းခံခဲ့ရသည်။ တောင်သူများ၏အမြင်ကို မေးမြန်းခြင်းမရှိဘဲ တပ်တွင်းသို့ ခေါ်ယူက ၁ မြေကို သိမ်းဆည်းတော့မည်ဟု ခေါ်ယူအသိပေးခြင်းသာ ရှိခဲ့သည်။ ထိုစဉ်က လျော်ကြေးပေးမည်ဟု ပြောဆိုမှု ရှိခဲ့သော်လည်း မည်သည့်အ ခါမှ လျော်ကြေးပေးအပ်ခြင်း မရှိခဲ့ပေ။ တပ်က အ ဆိုပါသိမ်းမြေများပေါ်တွင် တစ်နှစ်ခန့် ကိုယ်တိုင်စိုက်ပျိုးခဲ့ပြီးနောက် ၁၉၉ ၃ ခုနှစ်ခန့်မှစ၍ နောက်ပိုင်းတွင်မူ မူလတောင်သူများကိုသာ သီးစားချ၍ စိုက်ပျိုးစေခဲ့သည်။

နှစ်ပေါင်း ၂၀ ခန့် မိမိမြေပေါ်မှာ သီးစားအဖြစ်စိုက်ပျိုးလုပ်ကိုင်လာခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်ရောက်သောအခါ သိမ်းဆည်းမြေများအား ပြန်လည်ပေးအပ်တော့မည့်သတင်းကို တောင်သူများ ကြားသိခဲ့ ရသည်။ ထို့ကြောင့် ၂၀၁၃ ခုနှစ်မှစ၍ ထိုစဉ်က အ စိုးရထံသို့ မြေပြန်ရရှိရေး တိုင်ကြားစာများကို ပေးပို့ခဲ့ကြသည်။ သို့သော်လည်း တပ်မိသားစုများ၏ရိက္ခာဖူလုံရေးအတွက် ဆိုကာ မြေကို ပြန်မစွန့်လွှတ်နိုင်ကြောင်းသာ ရရှိခဲ့ကြသည်။ ပြန် မစွန့်နိုင်သည့်အတွက် ပေးအပ်ရမည့် လျော်ကြေးကိုမူ မရရှိခဲ့ကြပေ။

သိမ်းဆည်းမြေရှိရာဒေသသည် လမ်းမ ၂ ကီးနှင့် ရထားလမ်းစီမံကိန်းတို့ကြောင့် တစတစတိုးတ က်ကာ အဖိုး တန်မြေနေရာ ဖြစ်လာခဲ့သည်။ ထိုအချိန်မှစ၍ တပ်မှလည်း တ ပ်ပိုင်မြေများအား ခြံစ ည်းရိုးခပ်ခြင်း ပြုလုပ် လာခဲ့သည်။ သို့သော် မြေဧက ၄၀ ခန့်သည် ခြံစည်းရိုးခပ်ဧရိယာမှ ချန်လုပ်ထားခဲ့သည်။ အဆိုပါ ဧက ၄ ၀ ခန့်သည် တောင်သူ ဦးထွန်းလွင်နှင့် အခြားတောင်သူ (၁၁) ဦးတို့ ပိုင်ဆိုင်သောမြေဖြစ်ကာ သီးစားအဖြစ် လည်း ဆ က်လက်လုပ်ကိုင်ခွင့် ရနေသောမြေဧရိယာ ဖြစ်နေသည်။ ၂၀၁၄ ခုနှစ်တွင် တောင်သူ ၁၂ တို့၏ သီးစားလုပ်ပိုင်ခွင့်လည်း ရ ပ်ဆိုင်းခြင်း ခံခဲ့ရသည်။ အကြောင်းမှာ ထိုနှစ်တွင် သိမ်းဆည်းမြေများကို သီးစားချထားခြင်း မပြုရဟူသော စည်းမျဉ်းစည်းကမ်းထွက်ပေါ်လာသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဦးထွန်းလွင်နှင့် တောင်သူ (၁၁)ဦး တို့သည် မြေပြန်လည်တောင်းဆိုရန် တိုင်ကြားစာကို ၂၀၁၇

ခုနှစ် အစောပိုင်းတွင် မြေ/ပြန်/စစ် ကော်မတီသို့ ပေးပို့ခဲ့ကြသည်။ ၂၀၁၈ မတ်လတွင် တပ်က အဆိုပါ
ကေ ၄၀ ခန့်ကို
စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း တရားဝင်စာ ထွက်လာခဲ့သည်။ သို့ဖြစ်၍ မြေ/ပြန်/စစ် ကော်မတီက လည်း က
ွင်းဆင်းစစ်ဆေးခြင်း နှစ်ကြိမ်ခန့် ပြုလုပ်ပြီးသည့်နောက် အဆိုပါစွန့်မြေကို နိုဝင်ဘာလတွင် တောင်
သူများလက်သို့ ပြန်လည် ပေးအပ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ ယာယီ မြေအသုံးပြုခွင့်
ပုံစံ ထုတ်ပေးသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်နေစဉ်တွင်ပင် နိုဝင်ဘာလနှောင်းပိုင်းတွင် တပ်က
အဆိုပါမြေ ပေါ်တွင် အဆောက်အဦးဆောက်ရန် စတင်ပြင်ဆင်သည်ကို တွေ့ရှိခဲ့ရသည်။

အဆိုပါလုပ်ရပ်ကြောင့် အံ့သြမှင်သက်သွားသော တောင်သူများသည် တိုင်ကြားစာများကို
ဌာနအသီးသီးသို့ ပြန်လည်ပေးပို့ခဲ့ကြရသည်။ ၎င်းတွင်
သမ္မတရုံး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး၊
တိုင်းဒေ
သကြီး ဝန်ကြီးချုပ်ရုံးတို့လည်း ပါဝ င်ခဲ့သည်။ ထို့အပြင် တောင်သူများသည်
၂၀၁၉ ခုနှစ်အစောပိုင်းတွင် ဆန္ဒဖော်ထုတ်မှုကိုလည်း နှစ်ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ကြရသည်။
အဆိုပါ လှုပ်ရှားမှုကြောင့် အ မှုကို ပြန်လည်
စိစစ်ဆေးခြင်းပြုလုပ်ခဲ့သော်လည်း တောင်သူအားလုံးကို
အတူတကွ တွေ့ဆုံခြင်းမျိုးမဟုတ်ဘဲ တောင်သူ တစ်ဦးချင်းကို
သီးခြားတွေ့ဆုံမေးမြန်းခြင်းမျိုး ဖြစ်သည်။ ဤအမှုတွင် တပ်က တရားဝင်မြေကို စွန့်လွှတ်ပြီး
ရုံမဟုတ်ဘဲ မြေပြန်ပေးအပ်သည့်အခန်းအနားကိုပင် ၂၀၁၈ ခုနှစ် နိုဝင်ဘာတွင် ကျင်းပခဲ့ပြီး ဖြစ်သော်လည်း
၂၀၁၉ ခုနှစ် ဖွန်လတွင်မှ မြေကိုပြန်မစွန့်ဟု တပ်က ပြင်ဆင်အကြောင်းပြန်ခဲ့သည်။ တချိန်တည်းတွင်
စွန့် လွှတ်မြေပေါ် အဆောက်အဦး ဆောက်လုပ်ခြင်းကို တပ်က ဆက်လက်ဆောင်ရွက်လျက် ရှိပြီး
တောင်သူ များမှာမူ အ ချည်းနှီးဖြစ်သော တိုင်ကြားစာပေးပို့ခြင်းကိုသာ
တရားမျှတမှု ရရှိရေးအတွက် တ စ်ခုတည်းသော
နည်းလမ်းအဖြစ် အကြိမ်ကြိမ် ဆက်လက်ပြုလုပ်နေကြရသည်။

မြို့နယ် မြေ/ပြန်/စစ်ကော်မတီ၏ တပ်ထံသို့ပေးပို့သော စွန့်လွှတ်ပြီးမြေကို အသုံးမပြုရန်အကြောင်းကြား
မှုသည်လည်း အလေးပေးခြင်း မခံခဲ့ရပေ။ တိုင်းဒေသကြီး မြေပြန်စစ်ဥက္ကဌ သည်
တပ်ကအဆိုပါမြေကို အသုံးပြုခြင်းရပ်တန့်ရန်စာကို ထုတ်ပြန်ရန် ခရိုင် မြေ/ပြန်/စစ် ကော်မ တီအား
ညွှန်ကြားထားကြောင်း သိရှိရသည်။ သို့ရာတွင် ဦးထွန်းလွင်နှင့် တောင်သူ (၁၁)ဦးတို့ကမူ ဤအမှု တွင်
ဗဟို မြေ/ပြန်/စစ် ၊ နိုင်ငံတော် သမ္မတ (သို့မဟုတ်) နိုင်ငံတော်အတိုင်ပင်ခံရုံး၏ တရားဝင်အမိန့်
ညွှန်ကြားစာကသာလျှင် တားနိုင်လိမ့်မည်ဟု ယုံကြည်နေကြသည်။

မြေ/ပြန်/စစ် ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်လမ်းညွှန်ပေးမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင် တရားမျှတမှုပေးစွမ်းရန် ပြည့်စုံလုံလောက်မှုမရှိသော သို့မဟုတ် ရှင်းလင်း ပြတ်သားမှုမရှိသော လစ်ဟာချက်များလည်း ရှိနေပါသေးသည်။

၁။ ၁၉၈၈ ခုနှစ် မ တိုင်မီက သိမ်းဆည်းခံခဲ့ရသောမြေများနှင့်ပတ်သက်၍ တိုင်ကြားချက်များကို လက်ခံကြားနာခြင်းပြု/မပြု ရှင်းလင်းစွာဖော်ပြမှု

၂။ အငြင်းပွားမှုတစ်ခုတွင် တစ်ဖက်က ကာလရှည်ကြာစွာ သီးစားခပေး၍ လုပ်ကိုင်လာခဲ့သူ ဖြစ်ပြီး တ စ်ဖက်ကလည်း မူလမြေပိုင်ရှင်ဖြစ်နေသော ရှုပ်ထွေးနက်နဲသည့် မြေယာအမှုများကို တရားမျှတမှုရှိစေရန် မည်သို့ကိုင်တွယ်ဆုံးဖြတ်သွားရမည်ဆိုသည့် ရှင်းလင်းသည့် လုပ်ငန်းစဉ်

၃။ အကယ်၍ ပြန်လည်စွန့်လွှတ်သည့် မြေများကို မြေလွတ်၊ မြေလပ်၊ မြေရိုင်း သို့မဟုတ် သစ်တောမြေအဖြစ် အထောက်အထားအနည်းငယ်ဖြင့် အတန်းအစား ခွဲခြားသတ်မှတ်ထားသည်ဆို ပါက သိမ်းဆည်းခံရသည့် လယ်သမားအတွက် မြေတ ရားဝင် ရရှိရေးလုပ်ငန်းစဉ်သည် ပိုမိုများပြားမည် ဖြစ်ရာ အဆိုပါကိစ္စရပ်မျိုးကို မည်သို့ဆောင်ရွက်ရမည်ကို ရှင်းရှင်းလင်းလင်း ညွှန်ကြားမှု။

## ၄. အကြံပြုချက်များ

### နိုင်ငံတော်အစိုးရ

၁။

ဗဟိုအဆင့်အပါအဝင် ကော်မတီအသီးသီးတွင် တောင်သူလယ်သမားရေးရာလူမှုအဖွဲ့ အစည်း ကိုယ်စားလှယ်များမှ အနှစ်သာရရှိရှိပူးပေါင်းပါဝင်မှုများရရှိလာစေရန် အောက်ပါနည်းလမ်းများကို ဆောင်ရွက်သင့်သည် -

- တောင်သူလယ်သမားရေးရာလူမှုအဖွဲ့အစည်းကိုယ်စားလှယ်များကို ပြည်ထောင်စုအဆင့်ကော်မတီတွင်လည်း ထည့်သွင်းတာဝန်ပေးသင့်သည်။

- ဒေသခံရပ်ရွာအသိုင်းအဝိုင်းများနှင့် ပြည့်ပြည့်ဝဝ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အလွှာအသီးသီး အတွက် တောင်သူလယ်သမားရေးရာ လူမှုအဖွဲ့အစည်းများ မှကိုယ်စားလှယ်များကို ရွေးကောက်ခြင်းဖြင့် ခန့်အ ပ်သင့်သည်။ သို့မှသာ သင့်လျော်မှန်ကန်သည့် ကိုယ်စားလှယ်များကို ရွေးချယ်နိုင်ခြင်းကြောင့် ကော်မတီ၏ပုံရိပ်ကို ကောင်းမွန်စေသ ည့်အပြင် တရားမျှတ မှုလည်း ပိုမိုနိုင်မာ လာမည်ဖြစ်သည်။
- တောင်သူလယ်သမားရေးရာ ကိုယ်စားလှယ်များအတွက်ကိုလည်း လုံလောက်သည့် စရိတ်စကနှင့် ထောက်ပံ့မှုများကို နိုင်ငံတော်အစိုးရက ပံ့ပိုးပေးထားသင့်သည်။ သို့မှသာ ကိုယ်စားလှယ်များအ နေဖြင့် လည်း ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ပိုမိုပီပြင်စွာထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။

၂။ လက်ရှိကော်မတီများ၏ လုပ်ငန်းယန္တရားများ ပိုမိုထိရောက်လာရေးအတွက် နိုင်ငံတော်အစိုးရမှ အောက်ပါနည်းလမ်းများအားဖြင့် လုပ်ပိုင်ခွင့်အာဏာများ ပံ့ပိုးပေးထားသင့်သည် -

- နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းဆည်းခံမြေယာအမှုကိစ္စ ဖြေရှင်းရေးလုပ်ငန်းစဉ်များ အတွက် ချမှတ်ထားသည့် ဆုံးဖြတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် ပျက်ကွက်သည့် မြေသိမ်းဆည်းထားသူများအား မေးခွန်းထုတ်နိုင်ရန်နှင့် လိုအပ်သောဥပဒေကြောင်းအရ အရေးယူမှု များ ဆောင်ရွက်နိုင်ရန်အတွက် ဗဟို မြေ/ပြန်/စစ် ကော်မတီအား ဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့်များ၊ အခွင့်အာဏာများ ပံ့ပိုးပေးထားသင့်သည်။
- နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖော်ဆောင်ရန်ပျက်ကွက်သည့် ဝန်ထမ်းများအား စည်းကမ်းကြီးကြပ်ရန်နှင့် လိုအပ်ပါက အရေးယူမှုများပြုလုပ်နိုင်ရန် ဗဟို မြေ/ပြန်/စစ် ကော်မတီအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် လမ်းကြောင်းများ ချမှတ်ပေးထားသင့်သည်။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကော်မတီများအနေဖြင့် သိမ်းဆည်းခံမြေယာအမှုကိစ္စများ ထိရောက်စွာ ဆက်သွယ်ဆောင်ရွက် ဖြေရှင်းနိုင်မည့် အခွင့်အာဏာကို လက်တွေ့ကျင့်သုံးနိုင်ရန် လိုအပ်သည့် ပံ့ပိုးမှုများပေးသင့်သည်။
- မြေသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်နေကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ

လက်တွေ့ထိရောက်မှုရှိမရှိကိုလည်း ပြန်လည် ဆန်းစစ် ရပါမည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကော်မတီများတွင် ဆက်လက် ပါဝင်ခြင်းထက် လွှတ်တော်ကော်မတီများမှတစ်ဆင့် ကြီးကြပ်ခြင်းကို ထိထိရောက်ရောက် လုပ်ဆောင်ခြင်းသည် ပို၍အလုပ်ဖြစ်၊မဖြစ်ကို လေ့လာဆန်းစစ် သင့်သည်။

၃။ ကော်မတီအဆင့်ဆင့်၏ သဘောထားမှတ်ချက်များနှင့် ဗ ဟိုကော်မတီ၏ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ အမှုသည်များအား တရားဝင် မိတ္တူကူးယူခွင့်ပေးသင့်သည်။ သို့မှသာ အ မှုဆောင်ရွက်မှုများ ပွင့်လင်းမြင်သာရှိပြီး နစ်ဦးနစ်ဖက် အချက်အလက်တင်ပြနိုင်မှု ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

## လွှတ်တော်အရပ်ရပ်သို့

၁။ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် လွှတ်တော်အရပ်ရပ်အနေဖြင့် မြေ/ပြန်/စစ် ကော်မတီများအား ထိထိရောက်ရောက် ကြီးကြပ်သွားသင့်ပါသည် -

- ကော်မတီများ၏ အဖွဲ့ဝင်များ၊ ဆောင်ရွက်ပြီးစီးမှုများ၊ အကျိုးရလဒ်များအား မေးမြန်းစိစစ် နိုင်ရန်အတွက် သီးသန့်အချိန်များသတ်မှတ်ခြင်း သို့မဟုတ် ပုံမှန်ကျင်းပစီစဥ်ခြင်း
- ထိန်းသိမ်းကြီးကြပ်ရာတွင်လည်း မြေသိမ်းဆည်းခံရသူများအားလျော်ကြေးပေးရန် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၏ဘတ်ဂျက်တွင် ခွဲဝေသတ်မှတ်ထားခြင်းရှိ/မရှိကိုလည်း ပုံမှန်စောင့်ကြည့် စစ်ဆေးသွားသင့်ပါသည်။

၂။ သတင်းအချက်အလက်များ ရ ယူပိုင်ခွင့် ပိုမိုကောင်းမွန်လာရေး၊ သေချာခိုင်မာရေးနှင့် ပွင့်လင်း မြင်သာမှု တိုးတက်လာရေးတို့အတွက် လွှတ်တော်များသည် အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးပြီးလျှင် သတင်းအချက် အလက်ရယူပိုင်ခွင့်ဆိုင်ရာဥပဒေကို ရေးဆွဲပြဌာန်းသင့်သည်။

## သိမ်းဆည်းခံလယ်ယာမြေများနှင့် အခြားမြေများအား ပြန်လည်စိစစ်ရေးဆိုင်ရာ ဗဟို ကော်မတီ သို့မဟုတ် ဗဟို မြေ/ပြန်/စစ် ကော်မတီသို့

၁။

မြေသိမ်းခံတောင်သူလယ်သမားများ၏ အကျိုးစီးပွားအလို့ငှာ ကျေးရွာအုပ်စုအဆင့် မြေ/ပြန်/စစ် ကော်မတီများအား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းသင့်သည် -

- မြေပြင်ကွင်းဆင်းစစ်ဆေးမှုများကို ကျေးရွာအဆင့်ကော်မတီများမှ အဓိကတာဝန်ယူ ဆောင်ရွက်သင့်သည်။ ထို့အတူ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်ကော်မတီများ၏ မြေပြင်ကွင်းဆင်းဆောင်ရွက်မှုများ တွင်လည်း ကျေးရွာအဆင့်ကော်မတီများမှ လိုက်ပါ ဆောင်ရွက် ပေးသင့်ပါသည်။
- မြို့နယ်အဆင့်နှင့် ခရိုင်အဆင့် ကော်မတီများ၏ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် ကြားနာခြင်းနှင့် အကြံပြုချက် ဖော်ထုတ်ခြင်းအစည်းအဝေးလုပ်ငန်းစဉ်များတွင် ကျေးရွာအဆင့် ကော်မတီများအား ညှိနှိုင်းတိုင်ပင်ခြင်း၊ အကြံပြုရယူခြင်း၊ လုပ်ငန်းစဉ်များတွင် ပါဝင်စေခြင်းဖြင့် ကျေးရွာကော်မတီများ၏ အခန်းကဏ္ဍကို မြှင့်တင်သင့်ပါသည်။

၂။ အဆင့်အသီးသီးရှိကော်မတီအဖွဲ့ဝင်များနှင့်မြေသိမ်းဆည်းထားသူ အသီးသီးတို့သည် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းသတ်မှတ်ချက်များအား လေးစားလိုက်နာခြင်း ရှိ၊ မရှိကို ဗဟိုကော်မတီက ပုံမှန် လေ့လာ စောင့်ကြည့်ပြီးလျှင် လိုအ ပ်သလိုအရေးယူကြပ်မတ်သွားသင့်သည်။ အထူးသဖြင့် "အထောက်အထား စာရွက်စာတမ်းများ တ င်ပြနိုင်ခြင်းမရှိပါက လယ်နီးချင်းများနှင့် ရပ်ရွာအတွင်းမှ သက်သေခံ ထွက်ဆိုချက်များ" အား ခိုင်မာသောသက်သေအထောက်အထားအဖြစ် မြေယာမှုခင်းဖြေရှင်းခြင်း လုပ်ငန်းစဉ်များတွင် အသိအ မှတ်ပြုရေးပင်ဖြစ်သည်။ ဤအချက်မှာ မြေသိမ်းခံ တောင်သူလယ်သမားများအတွက် အလွန်အရေးပါသည့် အချက်တစ်ခုပင်ဖြစ်သည်။

၃။ ကော်မတီသည် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ပွင့်လင်းမြင်သာမှုများ တိုးတက်နိုင်မာအောင် လုပ်ဆောင်သင့်ပါသည် -

- အလွှာအသီးသီးရှိ ကော်မတီအားလုံး လေးစားလိုက်နာကြရမည့် "သတင်းအချက်အလက် များအား လစဉ်ပုံမှန် ထုတ်ပြန်ရန်" ဟူသော စ ည်းကမ်း သတ်မှတ်ချက်အား လိုက်နာခြင်း ရှိ၊ မရှိကို ပုံမှန်စောင့်ကြည့်ခြင်းနှင့် ထိန်းသိမ်းကြီးကြပ်ခြင်း၊

- မြေသိမ်းဆည်းခံရမှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်တိုင်းနှင့် ဖြေရှင်းမှု ယန္တရားများကို ကော်မတီအတွင်းမှ တောင်သူလယ်သမားရေးရာလူမှုအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ အပါအဝင် အကျိုးသက်ဆိုင်သူအသီးသီးမှ ရယူအသုံးပြုနိုင်မှု သေချာခိုင်မာစေခြင်း၊
- သတင်းအချက်အလက်များကို အ ချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးနိုင်ရန်အတွက် အများ ပြည်သူ ရယူသုံးစွဲနိုင်သည့် အချက်အလက်ဘဏ် (သို့မဟုတ်) ဒေတာဘေ့စ်တစ်ခု (ဥပမာ - ဝက်ဘ်ဆိုက် သို့မဟုတ် Facebook Page စသည့် အ င်တာနက်ပလက်ဖောင်းတစ်ခုခု) ဖန်တီးပေးခြင်း။ အကယ်၍ ဖြစ်နိုင်မည် ဆိုပါက မြို့နယ်၊ ခရိုင်၊ တိုင်း/ပြည်နယ်နှင့် ဗဟိုစသည့် အလွှာအသီးသီးရှိ ကော်မတီ တိုင်းသည် ထိုကဲ့သို့သော အင်တာနက်ပလက်ဖောင်း တစ်ခုစီ ဖန်တီးထုတ်လွှင့်ပေးသင့်သည်။ သို့မှသာ
  လျှင် ဒေသအသီးသီးမှ ပြည်သူများအဖို့ မိမိတို့နှင့်ဆက်စပ်နေသည့် သတင်းအချက်အလက်များကို လွယ်လင့်တကူရယူအသုံးပြုနိုင် သည့်အပြင် မြေယာမှုခင်းဖြေရှင်းခြင်းများနှင့်ပတ်သက်၍လည်း ကျေးရွာ မှသည်
  ဗဟိုအဆင့် အ ထိတို့အကြား မ ည်သည့်အဆင့်သို့ရောက်ရှိနေသည်ကိုပါ လွယ်လွယ်ကူကူ နှင့် သိမြင်နိုင်ကြမည်ဖြစ်သည်။ ထိုသို့ သိရှိထားခြင်းကြောင့် မြေယာမှုခင်းများ ပြီးပြတ်နိုင်ရေးအတွက် မည်သို့ဆက်လက်၍ ဆောင်ရွက်ရမည်ကိုပါ ပြင်ဆင်နိုင်လာကြမည်ဖြစ်သည်။

၄။ ကော်မတီသည် လျော်ကြေးပေးအပ်ခြင်းလုပ်ငန်းစဉ် ပိုမိုကောင်းမွန်လာရေးအတွက်ကိုလည်း အောက်ပါလုပ်ငန်းများမှတစ်ဆင့် ဆောင်ရွက်နိုင်ပါသည် -

- ပြန်လည်စွန့်လွှတ်ရန် နှင့် ပြန်လည်ပေးအပ်ရန် မဖြစ်နိုင်သဖြင့် လျော်ကြေးပေးရန် လျာထားသော အ မှုများသည် စ ည်းမျဉ်းစည်းကမ်းနှင့်အညီ ပြန်လည်မ စွန့်လွှတ်နိုင်ခြင်း ဟုတ်၊ မဟုတ် ကို စစ်ဆေးခြင်း။
- လျော်ကြေးပေးအပ်ခြင်းလုပ်ငန်းစဉ်တစ်ခုလုံး အပြီးအပြတ်ဖြစ်စေရမည့် အချိန်ကာလကို အတိ အကျ သတ်မှတ်ပေးခြင်းနှင့် ထိုသို့ပေးလျော်ရန်ပျက်ကွက်ပါက အရေးယူမှုများအား ဆောင်ရွက်ခြင်း၊
- လျော်ကြေးငွေပမာဏ ပေးလျော်မှုနှင့် ပတ်သတ်ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများ နှင့် နစ်နာသူလယ် သမားများအားပါဝင်စေခြင်း သို့မ ဟုတ် ၎င်းတို့၏ပါဝင်မှုကိုခိုင်မာစေခြင်းနှင့် စေ့စပ်ညှိနှိုင်းမှုများအား ကူညီ ပံ့ပိုးပေးခြင်း၊
- ပြန်လည်စွန့်လွှတ်နိုင်ခြင်းမရှိသည့်သိမ်းဆည်းမြေများအတွက်လျော်ကြေးငွေကို လုံ လောက်စွာ ပေးချေနိုင် စေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဘတ်ဂျက်ခွဲဝေ လျာထားမှုများ သေချာ စေခြင်း၊

## ၅။ အသုံးပြုခဲ့သည့် နည်းလမ်းများ

ဤစာတမ်း ရေးသားဖြစ်ရခြင်းနှင့် အမှုတွဲဖြေရှင်းမှုများ အမှန်တကယ် ကျဆင်းခဲ့သည် ဆိုသော ယူဆချက်တို့သည် အရင်းအမြစ် နှစ်ခုအပေါ် မူတည်၍ ပေါ်ထွက်လာခြင်းဖြစ်သည်။ ပထမ အရင်းအမြ စ်မှာ ရပ်ရွာအခြေပြု ဥ ပဒေအထောက်အကူပြုသူများ ဖွင့်ပေးခဲ့သည့် မြေသိမ်းအမှုတွဲပေါင်း (၆၅၂)မှု အပေါ်တွင် လေ့လာဆန်းစစ်ခြင်းနှင့် ဒုတိယမှာ အမှုတွဲများဖြေရှင်းရာတွင် ပိုမိုခက်ခဲလာနေကြောင်း ရပ်ရွာအခြေပြု ဥ ပဒေအထောက်အကူပြုသူများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ အတွေ့အကြုံ များမှတွေ့ရှိချက်များကို အခြေတည်ကိုရေးသားထားခြင်း ဖြစ်သည်။ Namati ၏ အချက်အလက်များသည် Namati နှင့် လက်တွဲဆောင်ရွက်နေသည့် ဥပဒေ အထောက်အကူပြုသူများနှင့် မိတ်ဖက်များမှဆောင်ရွက်ပေးနေသည့် အမှုတွဲများမှ ရရှိသည်။ Namati သည် အဆိုပါအကြောင်းအရာအပေါ် ၂ ၀၁၈ ခုနှစ်အတွင်း အသေးစိတ်ပြုလုပ်ခဲ့သည့် လူတွေ့မေးမြန်းမှုများ၊ ဦးတည် အုပ်စု ဆွေနွေးပွဲများနှင့် ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း မြေပြင်ကွင်းဆင်းလေ့လာမှုများမှတစ်ဆင့် ထပ်မံစူးစမ်းလေ့လာခဲ့သည်။ Namati မှ ယခုစာစောင်အား သုတေသနပြုသူသည် ၂၀ ၁၃ ခုနှစ်ကတည်းက မြေသိမ်းအမှုများ ဆောင်ရွက်ပေးနေသည့် အတွေ့အကြုံကြွယ်ဝသော ရ ပ်ရွာအခြေပြုဥပဒေအထောက်အကူပြုသူ (၂၀)ဦးနှင့်လည်းကောင်း၊ ၎င်းတို့နှင့် လက်တွဲဆောင်ရွက်နေသည့် အမှုသည် (သို့မဟုတ် ထိခိုက်နစ်နာသူ လယ်သမားများ) များ ၊ မြေယာအရေးဆောင်ရွက်နေကြသည့် Namati ၏ မိတ်ဖက်အဖွဲ့အစည်းများ နှင့် တွေ့ဆုံပြီး ယင်းတို့ ၏ အတွေ့အကြုံနှင့် စိန်ခေါ်မှုများ ကို မေးမြန်းခဲ့သည်။ အလားတူပင် မြို့နယ်အဆင့် နှင့် ခရိုင်အဆင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီမှ တောင်သူလယ်သမားရေးရာလူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် တွေ့ ဆုံဆွေးနွေးခဲ့သည်။ အဆိုပါတွေ့ဆုံမေးမြန်းမှုများတွင် သတင်းအချက်အလက် ရရှိမှုနှင့် ပွင့် လင်းမြင်သာရှိမှု အခြေအနေ၊ မြေပြ င်ကွင်းဆင်း စိစစ်မှုလုပ်ငန်းစဉ်၊ ဒေသခံတို့၏အမြင်အရ ဖြေရှင်းမှု ကျဆင်းသွားရသည့်အကြောင်းရင်းများနှင့် သိမ်းဆည်းခံမြေများ ပြန်လည်စိစစ်ရေးကော်မတီများ၏ လုပ်ငန်း သဘောသဘာဝတို့အပေါ် ဆွေးနွေးမေးမြန်းခဲ့ပါသည်။

# ကျေးဇူးတင်လွှာ

ဤစာစောင်ကို သုတေသနပြုစုသူသည် Namati မှ ဒေါ်ဆုန်ချင်းပါရ်ဖြစ်ပြီး စာစောင်ကို အဓိက တည်းဖြတ်သူမှာ Tim Millar ဖြစ်သည်။ ဤစာစောင်ကို နည်းပညာပိုင်းနှင့် ဥပဒေရေးရာ ဆန်းစစ်ခြင်းတို့ကို Mia Schmid ၊ Erin Kitchell နှင့် ဒေါ်ဖြူဖြူဝင်း တို့မှ ပံ့ပိုးကူညီ ဆောင်ရွက်ကြပါသည်။

အထူးသဖြင့်မိမိတို့မြေယာအခွင့်အရေးအတွက် မားမားမတ်မတ်ရပ်တည်ဆောင်ရွက်နေသော ဒေသခံတောင်သူများ၊ဒေသခံဥပဒေအထောက်အကူပြုသူများ၏ မနားတမ်းကြိုးပမ်းဆောင်ရွက်မှုများကြောင့်သာ ဤစာစောင် ကို ထွက်ပေါ်လာနိုင်ခြင်းဖြစ်သည်။ ထို့အပြင် မိတ်ဖိတ်အဖွဲ့အစည်းများဖြစ်သော ရှမ်းပြည်နယ် အခြေစိုက် သံလွင်သစ္စာ၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး လှုပ်ရှားမှုအဖွဲ့ (Civil and Political Rights Campaign Group) ၊ Green Peasant Institute (GPI)နှင့် Namati ရန်ကုန်ရုံး အဖွဲ့ဝင်တစ်ဦးချင်းစီ၏ ပံ့ပိုးကူညီ များကိုလည်း ကျေးဇူးတင်စွာ ဖော်ပြအပ်ပါသည်။

# Namati အဖွဲ့အကြောင်း အကျဉ်းချုပ်

Namati သည် ဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့်ရရှိရေးကို အလေးထားဆောင်ရွက်နေသည့် အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ကမ္ဘာပေ ါ်တွင် လူဦးရေသန်းပေါင်း ၄ ထောင်ခန့် သည် ဥပဒေအကာ အကွယ်၏ အပြင်ဘက်တွင်နေထိုင်ကြရသည်။ Namati သည် ထိုသူများ၏ လက်ဝယ်သို့ ဥပဒေများ ရောက်ရှိ သွားရေးကို ရည်စူးဆောင်ရွက်လျက်ရှိသည်။ Namati သည် အောက်ခြေရှိပြည်သူများအတွက် ဥပဒေရေးရာ ဆော်သြ စည်းရုံးရေးကို မြှင့်တင်လျက်ရှိပြီး လူတို့၏ နေ့စဉ်ဘဝတွင် စာရွက်ပေါ်ရှိဥပဒေနှင့် လက်တွေ့အ သုံးချမှုတို့အကြားရှိ ကွာဟချက်ကို ပေါင်းကူးဆက်စပ်ပေးရန်အတွက် လူ့ အဖွဲ့အစည်းများနှင့်အတူ အလုပ်လုပ် နေကြသည့် ရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြုသူများအဖြစ်လည်း လူသိများသည်။ Namati သည် ရပ်ရွာပိုင်မြေများ ကာကွယ်ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှုကိစ္စရပ်များ၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် နိုင်ငံသားဖြစ်မှု အခြေခံအခွင့်အရေးများ ရရှိမှုတို့အတွက် နိုင်ငံပေါင်း (၈)နိုင်ငံတွင် လက်ရှိ ဆောင်ရွက်ဆဲအမှုသည်ပေါင်း (၄၀၀၀၀) ကျော်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ Namati သည် ဥပဒေနှင့် ဥ ပဒေများကို အ သုံးပြုမည့်အဖွဲ့အစည်းများ ဖွဲ့စ ည်းမှုဆိုင်ရာပြုပြင်ပြောင်းလဲမှုကို ကြီးမားသည့်အတိုင်း အ တာ ဖြင့် ကြိုးပမ်းလုပ်ဆောင်သည့် အောက်ခြေအတွေ့အကြုံများပေါ်တွင် အခြေတည်ထားပါသည်။ Namati သည် နိုင်ငံနှင့်အဝှမ်း ဥပဒေစွမ်းဆောင်ရည်မြှင့်တင်သည့်ကွန်ယက် (Global legal Empowerment Network) ကို လည်းစုစည်းထားနိုင်ခဲ့ပြီး ယင်းကွန်ယက်တွင် ဥပဒေရေးရာစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အချိန်ပေး နစ်မြုပ်လုပ်ကိုင်လျှက်ရှိသည့် လူပေါင်း (၄၀၀၀) ကျော်နှင့် အဖွဲ့အစည်းပေါင်း (၁၀၀၀) ကျော် ပါဝင်ပါသည်။

Namati သည် ၂၀၁၃ ခု ၊ နှစ်ဆန်းပိုင်းမှစ၍ မြန်မာနိုင်ငံတွင် စီမံကိန်းအစီအစဉ်တစ်ခုနှင့် အဖွဲ့ရုံးကို စတင် ထူထောင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး "ရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြုမှုဆိုင်ရာ မြေယာအခွင့်အရေးနှင့် အုပ်ချုပ်မှုအစီအစဉ်" ကို ဒေသခံအရပ်ဖက် အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ခဲ့ပြီး ယင်းအစီအစဉ်သည် မြေမှတ်ပုံတင်ခြင်း၊ မြေအမျိုးအစားပြန်လည်သတ်မှတ်ခြင်း၊ မြေသိမ်းယူမှုများ၊ မြေလွတ်၊မြေလပ်နှင့်မြေရိုင်း မြေအသုံးပြုခြင်း၊ ရပ်ရွာဒေသခံအစုအဖွဲ့ပိုင် သစ်တောထူထောင်ခြင်း၊ မြေယာပူးတွဲမှတ်ပုံတင်ခြင်း၊ ဒေသန္တရ မြေအငြင်းပွားမှုများကဲ့သို့သောကိစ္စရပ်များတွင် မြေယာအခွင့်အရေးရရှိရန် နည်းပညာပံ့

ပိုးကူညီဆောင်ရွက် ပေးလျက် ရှိပါသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံစီမံကိန်းသည် ရှမ်း၊ ရ နိုင်၊ ဧရာဝတီ၊ ပဲခူး၊ မကွေး၊ စစ်ကိုင်း စသည့် ပြည်နယ်/တိုင်းဒေသကြီး ခြောက်ခုတွင် ဥပဒေအထောက်အကူပြုသူ (၄၅)ဦးပါဝင်သည့် ကွန်ယက် တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာသည်။ မိမိတို့နှင့်လက်ရှိလုပ်ဖော်ကိုင်ဖက်အဖွဲ့များမှာ - နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးလှုပ်ရှားမှုအဖွဲ့ (Civil and Political Rights Campaign Group)၊ သံလွင်သစ္စာနှင့် Green Peasant Institute တို့ ဖြစ်ကြသည်။